www.free4readers.com



ဈေးက အရိုးရှုနှုတ်မှုန်းသားဘာထက် အများကြီး ကြီးနေတော့ ဈူ့သတော့နဲ့သူ ရောင်းလိုအား ဝယ်လိုအားနဲ့ ညှိညှိမယ့် အချိန်ကို စောင့်ရပ်ရှိတယ်

စာ-၂၃,၂၄,၂၅

မော်ဒန်

စီးပွားရေးသတင်းဂျာနယ်



ဒေါ်လာဝယ်ယူ ဈေးကစားကြသူတွေရဲ့ လိုသလိုလှည့်ကွက်ကို မထိန်းနိုင်ဘဲ အထိန်းအကွပ်မဲ့ ဖြစ်လာမှာတော့ စိုးရိမ်

စာ-၆,၇

အမှတ် ၆၂၆ | *The Modern Weekly* | ၁၇ ဩဂုတ် ၂၀၁၈၊ သောကြာနေ့

# တစ်ဒေါ်လာ ၁၅၀၀၊ ကန့်စွန်းရွက်တစ်စည်း ၄၀၀ အန္တရာယ်ကြီးမားလာ

စာ-၅



မန်းသူမန်းသား လုံခြုံမှု မရှိသလို စိုးရွံ့ခံစားနေကြရ



စာ-၁၀,၁၁

တိုင်းပြည်စီးပွားရေးက သည်အချိန်မှာ ဦးဆောင်သူတွေရဲ့ အခန်းကဏ္ဍ အရေးအကြီးဆုံးပါ



စာ-၁၂,၁၃,၁၄

လာနော် ဆင်းမ်ကတ်တွေ နှစ်ရာ၊ သုံးရာ



စာ-၃

ကမ္ဘာ့ကုန်သွယ်ရေး ရိုက်ခတ်မှု အတိုင်ပင်ခံ ကိုယ်တိုင်ကိုင်တွယ်ဖို့ လုပ်ငန်းရှင်တွေ မျှော်လင့်နေ



စာ-၁၅

www.free4readers.com



# ဘုရင့်နောင်ပွဲရုံနယ်မြေကို နိုင်ငံတကာအဆင့်မီ စီးပွားရေးစင်တာပြောင်းလဲဖို့ တင်ပြထား

ရန်ကုန်၊ ဩဂုတ် ၁၅– ဘုရင့်နောင်ပွဲရုံနယ်မြေကို နိုင်ငံတကာအဆင့်မီ စီးပွားရေးစင်တာအဖြစ် ပြောင်းလဲ ဖွင့်လှစ်နိုင်ဖို့ သက်ဆိုင်ရာဌာနတွေကို တင်ပြထားတယ်လို့ ဘုရင့်နောင်ကုန်စည်ဒိုင်ဥက္ကဋ္ဌဦးခင်ဟန်က ပြောပါတယ်။

အဲသည်လို စီးပွားရေးစင်တာအဖြစ် ပြောင်းလဲတဲ့အခါ ဘုရင့်နောင်ပွဲရုံနယ်မြေကို ခြောက်ဘီးယာဉ်တွေနဲ့ ကားလေးတွေကို ဝင်ခွင့်ပြုပြီး ကုမ္ပဏီရုံးခန်းတွေ၊ အရောင်းစင်တာတွေ၊ ပွဲရုံတွေနဲ့ လူနေထိုင်တဲ့နေရာတွေပါရှိမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံ အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းက သက်ဆိုင်ရာကိုမြေနေရာ တောင်ခံထားတဲ့ ဝါးတစ်ရာမှာ နေရာပေးနိုင်ဖို့ ကားဂိတ်လုပ်ငန်းရှင်တွေနဲ့ သုံးကြိမ်တွေ့ဆုံဆွေးနွေးပြီး သဘောတူညီချက်အချို့ ရရှိခဲ့ပါတယ်။

ဘုရင့်နောင်ပွဲရုံမှာ နိုင်ငံတကာက စီးပွားရေးလုပ်ငန်းရှင်တွေ၊ အဖွဲ့အစည်းတွေအတွက် အလွယ်တကူလာရောက်လေ့လာနိုင်တဲ့ နေရာဖြစ်တာကြောင့် နိုင်ငံတကာနဲ့ယှဉ်နိုင်တဲ့ စီးပွားရေးဇုန်အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးဖို့ တင်ပြထားတာဖြစ်ပါတယ်။

'လက်ရှိကုန်စည်ဒိုင်ကတော့ မြေဂရန်ကလဲ တရားဝင်ဖြစ်တဲ့အတွက် ပြောင်းဖို့တွေ ဘာတွေ စိတ်မပူဖို့ ပြောပါတယ်၊ မြေဂရန်သက်တမ်းပြည့်ရင်လဲ ထပ်ပြီးတင်ပြသွားမှာပါ' လို့ ဦးခင်ဟန်က ဆိုပါတယ်။

မြန်မာနိုင်ငံက ထွက်ရှိတဲ့ ကောက်ပဲသီးနှံတွေ၊ စားဖိုဆောင်သီးနှံတွေ၊ ဆီထွက်သီးနှံတွေနဲ့ စားအုန်းဆီတွေကို ဘုရင့်နောင် ကုန်စည်ဒိုင်က နေ့စဉ်ဈေးနှုန်းသတ်မှတ်ပြီး ရောင်းဝယ်ဖောက်ကားတဲ့ အဓိက စီးပွားရေးစင်တာတစ်ခုဖြစ်တယ်လို့လည်း သိရပါတယ်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှာပွဲရုံအဆောက်အအုံတွေ တိုးတက်လာပေမဲ့ ကားရပ်နားကွင်းမှာတော့ မူလအတိုင်းသာရှိနေတဲ့အတွက် ကုန်ကားကြီးတွေနဲ့ ခေါက်တိုဆွဲတဲ့ကားတွေ၊ ပွဲရုံပိုင်ရှင်တွေရဲ့ ကားတွေ၊ ဈေးဝယ်သူတွေရဲ့ ကားတွေ ရပ်နားဖို့ အခက်အခဲဖြစ်ပြီး ယာဉ်ကြောပိတ်ဆို့မှုတွေ ဖြစ်ပေါ်ပါတယ်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှာ အရောင်းအဝယ်လုပ်နေတာ နေသားကျနေကြတဲ့အတွက် တခြားနေရာကို ပြောင်းဖို့လည်း အစီအစဉ်မရှိဘဲ လက်ရှိနေရာကိုသာ ဖွံ့ဖြိုးအောင် လုပ်ဆောင်သွားမှာဖြစ်တယ်လို့ ဘုရင့်နောင်ပွဲရုံက လုပ်ငန်းရှင်တွေက ဆိုပါတယ်။

ဘုရင့်နောင်ပွဲရုံကို ၁၉၉၀ ပြည့်နှစ်က စတင်တည်ဆောက်ခဲ့တာဖြစ်ပြီး ၁၉၉၁ ခုနှစ်မှာ စတင်ဖွင့်လှစ်တာဖြစ်ပြီး ဧကပေါင်း ၇၅.၁၉၄ ရှိပါတယ်။

လက်ရှိမှာ ကားအစီးရေ ၃၅၀ စီးရပ်နားနိုင်တဲ့ ကားကွင်းပါရှိပြီး နောက်ပိုင်းမှာ ရွှေသံလွင်ဝင်းနဲ့ တက်လမ်းဝင်းတွေမှာ ပွဲရုံတန်းတွေ တိုးချဲ့ဖွင့်လှစ်ခဲ့တာဖြစ်ပြီး ဧက ၁၀၀ ကျော်မှာ ပေ ၄၀ ပေ ၆၀ နှစ်ထပ်မှ ခြောက်ထပ်အထိ ပွဲရုံပေါင်း ၁၂၀၀ ကျော် တည်ရှိပါတယ်။

မို့မို့သန္တာ

# အမဲသားဈေးတက်လာတာဟာ အသားလိုင်စင်(စီ)နဲ့ သက်ဆိုင်နေ

ရန်ကုန်၊ ဩဂုတ် ၁၅– အခုရက်ပိုင်းအတွင်း အမဲသားဈေးတက်လာတာဟာ အသားလိုင်စင်(စီ) ရှိနေတာနဲ့လည်း သက်ဆိုင်နေတယ်လို့ မန္တလေးတိုင်းမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာကျော်ထင်က ပြောပါတယ်။

အသားလိုင်စင်စီကို လေလံဆွဲတဲ့အခါ ဈေးတွေများနေတဲ့ အတွက် ခြံထဲဈေးနဲ့ လက်လီရောင်းချတဲ့ ဈေးကြားမှာ ဈေးမြင့်တက်နေတာပါ။

အဲသည်စနစ်ဟာ နိုင်ငံတကာမှာမရှိတဲ့ စနစ်ဖြစ်ပြီး ပြည်တွင်းကတောင်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့အတွက် အသားလိုင်စင်(စီ)စနစ်ကို ဖျက်သိမ်းသင့်တယ်လို့ သိရပါတယ်။

ဒါ့အပြင် ပြည်ပကို တရားဝင်တင်ပို့တာတွေထက် တရားမဝင်တင်ပို့တာတွေက သုံးဆနီးပါးများပြားနေတာကြောင့် လက်လီရောင်းချသူတွေမှာ အရင်ကထက် ဈေးတက်နေတာဖြစ်ပါတယ်။

'အမဲသားကတော့ နိုင်ငံတကာမှာဈေးအကြီးဆုံးပဲ၊ မြန်မာနိုင်ငံမှာက ဈေးအချိုဆုံးဖြစ်နေတယ်၊ ကြားထဲမှာ ပြဿနာက လိုင်စင်(စီ)ပဲ ဖြစ်နေတယ်၊ အသားဈေးကြီးသွားရတဲ့ ကိစ္စမှာလဲ လိုင်စင်စီပါတယ်၊ လိုင်စင်စီလုပ်ဖို့ သိန်း ၅၀၀ ပေးရမယ်၊ သိန်း ၃၀၀ ပေးရမယ်ဆို အဲဒီအပေါ်မှာ အသားဈေး တိုးပြီး တက်တာပဲ' လို့ ဒေါက်တာကျော်ထင်က ပြောပါတယ်။

ကျွဲနွားတင်ပို့ခွင့်ကို ၂၀၁၇ အောက်တိုဘာက ခွင့်ပြုခဲ့ပြီး နောက်ပိုင်းမှာ အခုရက်ပိုင်းက ဈေးအတက်ဆုံးဖြစ်နေတာပါ။

ရေရှည်ပြည်တွင်းမှာပိုပြီးတိုးတက်ဖို့အတွက် ပုဂ္ဂလိက သားသတ်ရုံ ထူထောင်ခွင့်ပေးပြီးတော့ ပြည်တွင်းမှာ ထုတ်နိုင်ရင် ပိုကောင်းတယ်လို့ ဒေါက်တာကျော်ထင်က ဆိုပါတယ်။

ပြည်တွင်းစားသုံးနေကြတဲ့ အမဲသားဈေးတွေ အခုရက်ပိုင်းအတွင်း ဈေးတက်နေတာကြောင့် ဝယ်ယူစားသုံးသူ အရင်ကထက် နှစ်ဆလောက်ကျဆင်းသွားတယ်လို့ မြောက်ဥက္ကလာ(၂)ဈေးမှ ရောင်းချသူတွေထံမှ သိရပါတယ်။

အရင်က အမဲသားအသားသန့်ဆိုရင် ၁၀ သားကျပ် ၁၂၀၀ ရှိရာမှ အခုမှာ ကျပ် ၁၄၀၀ ရှိနေတာဖြစ်ပါတယ်။

'ဈေးတက်နေတော့ အခြေခံလူတန်းစားတော်တော်များများက မဝယ်တော့ဘူး၊ အရင်က ၅၀ သားဝယ်တဲ့သူဆိုရင် အခု အစိတ်သား၊ အဲလိုတွေဖြစ်လာတယ်' လို့ ရောင်းချသူတွေက ဆိုပါတယ်။

အရင်နွားတစ်ကောင် သက်တမ်းပြည့် ကျန်းမာရေးအရ စစ်ဆေးမှုတွေ ပြုလုပ်ပြီးမှ သတ်ကြတာဖြစ်ပေမဲ့ လက်ရှိမှာ ပြည်ပတင်ပို့တဲ့ ဈေးနှုန်းတွေ မြင့်နေတာကြောင့် နွားသတ်တဲ့အခါ စည်းကမ်းမဲ့ လာကြတယ်လို့ သိရပါတယ်။

မို့မို့သန္တာ



ပြည်ပကို တရားမဝင်တင်ပို့တာတွေက သုံးဆနီးပါး များပြားနေတာကြောင့် အရင်ကထက် အမဲသား ဈေးတက်နေတာဖြစ်ပါတယ်။

# ငါးခြောက်ဈေး ထက်ဝက်ကျဆင်း လှောင်လက်တွေ အရှုံးပေါ်

ရန်ကုန်၊ ဩဂုတ် ၁၅– မိုးရာသီမှာ ငါးခြောက် ဝယ်လိုအားထက်ဝက်ခန့် ကျဆင်းနေတာကြောင့် လှောင်လက်တွေ အရှုံးပေါ်နေတယ်လို့ သိရပါတယ်။

အခုနှစ် မိုးရာသီအတွက် ပြီးခဲ့တဲ့နှစ်နိုဝင်ဘာလခန့်က သိုလှောင်ထားတဲ့ ငါးခြောက်လှောင်လက်သမားတွေဆီက ဝယ်လက်တွေရဲ့ ဝယ်လိုအား ထက်ဝက်ကျော် ကျဆင်းခဲ့တဲ့အတွက် အရှုံးပေါ်နေတယ်လို့ ဘုရင့်နောင်ပွဲရုံဝင်းကနဒီရော ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ ကြက်စာရောင်းဝယ်ရေးကပိုင်ရှင် ဦးဇော်ဇော်မြင့်က ပြောပါတယ်။

အခုနှစ်မှာ ငါးခြောက် ၁၀မျိုး လှောင်တဲ့လှောင်သမားတွေဟာ ခြောက်မျိုးမှာ အရှုံးပေါ်နေပြီး လေးမျိုးခန့်ပဲ တစ်ပိဿာကို ကျပ် ၁၀၀ နဲ့ ၂၀၀ ကြားပဲ အမြတ်ရနေတာဖြစ်ပါတယ်။

ငါးခြောက် လှောင် လက်သမားတွေဟာ မိုးရာသီအတွက်ဆိုရင် ငါးနီတူ၊ အာပြဲနဲ့ မြီးတန်သွယ်အမျိုးအစားတွေကို အဓိကသိုလှောင်ကြတာဖြစ်ပြီး အခုနှစ်အတွင်းလှောင်လက်တွေများလာတဲ့အပြင် နယ်သမားတွေမှာလည်း ဝယ်လိုအား ထက်ဝက်ကျော် ကျခဲ့တဲ့အတွက် အရှုံးပေါ်နေရတာဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မှာနွေရာသီကစပြီး ကျပ် ၂၅၀၀ မှ ၃၅၀၀ အထိ ဈေးနှုန်းရှိခဲ့တဲ့ ငါးသေတ္တာငါးခြောက်တွေမှာ လတ်တလော ကျပ် ၇၀၀မှ ၈၀၀ ခန့်နဲ့ရောင်းချနေရတယ်လို့ သိရပါတယ်။

လတ်တလောမှာ ဘုရင့်နောင်ပွဲရုံအတွင်း မွန်ပြည်နယ်နဲ့တနင်္သာရီတိုင်းက ငါးဆားနယ်တွေ စတင်ဝင်ရောက်နေပြီး ရခိုင်ပြည်နယ်က ဝင်ရောက်မှု နည်းပါးနေပါတယ်။

မို့မို့သန္တာ

# မက်ဆေ့ချ်တွေကြောင့် သင့်ဘဝကို ပြောင်းလဲစေနိုင်တဲ့အချက် လေးချက်

ရန်ကုန်၊ ဩဂုတ် ၁၅ – လက်ကိုင်ဖုန်းတွေ၊ လက်တော့ပ်တွေနဲ့ အွန်လိုင်းကနေ မက်ဆေ့ချ် (message) ပေးပို့နေတဲ့ အပလီကေးရှင်းတွေဟာ လုံခြုံစိတ်ချမှုမရှိပါဘူး။ ကိုယ့်ရဲ့အရေးကြီးတဲ့ သတင်းအချက်အလက်တွေ ပေါက်ကြားပြီး ဘဝကို ပြောင်းလဲသွားစေနိုင်တာမျိုးပါ။

**(၁) ကြော်ငြာလုပ်ငန်းတွေက ခြေရာခံလိုက်လာနိုင်**

သူငယ်ချင်းနဲ့အပြန်အလှန် မက်ဆေ့ချ်ပို့ပြီး ပြောထားတဲ့အကြောင်းအရာတွေနဲ့သက်ဆိုင်တဲ့ ကြော်ငြာတွေကို မြင်တွေ့ရတာ၊ သူငယ်ချင်းက အပြင်သွားမယ်လို့ ပြောလိုက်ရင် အချိန်ကို သတ်မှတ်ဖို့အချက်ပေးတဲ့ မက်ဆေ့ချ်တွေ ဝင်လာတာတွေရှိပါတယ်။ အဲဒါဟာ အချို့ messaging app တွေဟာ သင့်ရဲ့ဒေတာတွေကို လျှို့ဝှက်စုဆောင်းပြီး ကုမ္ပဏီတွေက အဲသည်ဒေတာတွေကို အသုံးချပြီး သင်နဲ့ပတ်သက်တဲ့ကြော်ငြာတွေကိုမြင်ရအောင် ကြော်ငြာနိုင်ပါတယ်။

**(၂) ကိုယ်ရေးအချက်အလက်တွေ ခိုးယူခံရနိုင်**

နိုင်ငံကူးလက်မှတ်တွေ၊ ဘဏ်အကောင့်တွေကို စာပို့အပလီကေးရှင်းကတစ်ဆင့် ပို့တော့မယ်ဆိုရင် အထူးသတိထားဖို့ လိုပါတယ်။ သင့်ရဲ့အချက်အလက်တွေကို ခိုးယူမယ့်သူတွေဟာ သင့်ရဲ့စာပို့စနစ်ထဲကို ခိုးဝင်ပြီး လိုအပ်တဲ့အချက်အလက်တွေကိုခိုးယူတာနဲ့လိုအပ်တဲ့နေရာတွေမှာ အသုံးချတာတွေ ပြုလုပ်နိုင်ပါတယ်။ သင့်ရဲ့ chat box ထဲအထိ ဝင်ရောက်ပြီး သင့်သူငယ်ချင်းမိတ်ဆွေတွေနဲ့ ဆက်သွယ်တာတွေအပြင် ငွေရေးကြေးရေးကိစ္စတွေအထိလိမ်လည်ခိုးယူလာနိုင်ပါတယ်။

**(၃) ခြိမ်းခြောက်ငွေညှစ်တဲ့အထိ လုပ်နိုင်**

မိတ်ဆွေတွေဆီကို လျှို့ဝှက်စာတွေ လျှို့ဝှက်ပုံတွေ ပေးပို့မိရင်လည်း လုံးဝ မလုံခြုံပါဘူး။ အဲဒါတွေ အရယူထားတဲ့သူက အချက်အလက်တွေကို အလွဲသုံးစားလုပ်တာ၊ ထိခိုက်အရှက်ရအောင်ပြုလုပ်တာ၊ နိုင်ကွက်တစ်ခုဖြစ်နေခဲ့ရင် ခြိမ်းခြောက်ပြီး ဥပဒေနဲ့ မလွတ်ကင်းတဲ့အလုပ်တွေ ခိုင်းစေတဲ့အထိ ဖြစ်နိုင်တယ်။ အခြားပြိုင်ဘက်လုပ်ငန်းတွေကလည်း လုပ်ငန်းဆိုင်ရာ လျှို့ဝှက်ချက်တွေကို ခိုးယူနိုင်ပါတယ်။

**(၄) အာဏာပိုင်တွေက ခြေရာခံလိုက်လာနိုင်**

သင်ဟာ နိုင်ငံရေးသမားတစ်ဦး ဒါမှမဟုတ် သာမန်တက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်ရင် သတင်းအချက်အလက်တွေကို ဖြန့်ဝေရာမှာ အထူးသတိထားဖို့လိုပါတယ်။ လုံခြုံစိတ်ချရတဲ့စာပို့စနစ်မရှိခဲ့ရင် အစိုးရတွေနဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေက သင်ပို့ထားတဲ့စာတွေ ဝင်ရောက်ကြည့်ရှုပြီး ဖမ်းဆီးအရေးယူတဲ့အထိ ခြေရာခံ လိုက်လာနိုင်ပါတယ်။

ဗိုက်ဘာဟာ သုံးစွဲသူတွေရဲ့ အချက်အလက်အားလုံးကို ၃၆၀ ဒီဂရီ လုံခြုံရေးစနစ်သုံးပြီး စာပို့ဆောင်တာ၊ အဆင့်တိုင်းကို end-to-end နဲ့ သုံးစွဲသူတွေ စိတ်ချလက်ချ အသုံးပြုနိုင်ဖို့ ကာကွယ်ပေးတယ်လို့ ဆိုပါတယ်။

အောင်ထွန်းဦး

www.free4readers.com







၁၃ ရက်နေ့က ပယ်ဖျက်လိုက်ပါတယ်။







ဒေါ်လာဈေးတက်ပြီး မြန်မာကျပ်ငွေ ကျဆင်းနေတာဟာ ဆိုးကျိုးကပဲ ပိုများ လာလိမ့်မယ်လို့ပဲ ယူဆတယ်။

လိမ့်မယ် တွက်ဆထားပုံရတယ်။ အဲသည်အချိန်ရောက်ရင် ဈေးကွက်ကနေ သူ့အလိုလို ထိန်းကျောင်းပေးလာနိုင်လိမ့်မယ်ပေါ့။ ဒါဆိုရင် ဝယ်ယူဈေးကစားသူတွေရဲ့ အခန်းကဏ္ဍကို သူ့အလိုလို ထိန်းချုပ်သွားနိုင်မယ်လို့ ရှုမြင်ထားပုံရတယ်။ ပြောချင်တာက အဲသည်အနေအထားမရောက်ဘဲ လမ်းကြောင်းပြောင်းသွားမှာ စိုးရိမ်သလို အဲသည်ကာလ မရောက်ခင်စပ်ကြားမှာ အစိုးရအနေနဲ့ တစ်စုံတစ်ရာ ထိန်းကျောင်းပေးနိုင်မှုကလည်း မရှိပြန်ရင်တော့ ကျပ်ငွေတန်ဖိုးက တက်ဖို့ထက် အကျပဲဖြစ်နေမှာပဲ။

**မော်ဒန်။ ။ဒေါ်လာဈေးတက်တာက ပြည်တွင်းထုတ်ကုန်ပစ္စည်းဈေးကွက်ကို ရော သက်ရောက်မှု ရှိလား။**

**ဦးမြတ်မင်းသူ။ ။**အခြေခံသီအိုရီအရတော့ ပို့ကုန်အားကောင်းပြီး သွင်းကုန် ကန့်သတ်တဲ့သဘော၊ လက်တွေ့စဉ်းစားရမှာက ကိုယ့်ထုတ်ကုန်က ပြည်ပဈေးကွက်မှာ ယှဉ်ပြိုင်နိုင်စွမ်းမရှိခဲ့ရင်တော့ ကိုယ့်ဆီမှာပဲ ပြန်ပုံနေတတ်တယ်။ အဲသည်တော့ပြည်တွင်းဈေးကွက်မှာ ပြန်ပုံနေတဲ့ ထုတ်ကုန်တွေကို ဘယ်လိုပုံစံနဲ့ ထိန်းညှိဖြေရှင်းမလဲက အရေးကြီးတယ်။ မဖြေရှင်းနိုင်ရင် ထုတ်ကုန်ကုမ္ပဏီတွေအနေနဲ့ ဒေဝါလီခံရတာမျိုးအထိ ကြုံရနိုင်တယ်။ ပြည်တွင်းဈေးကွက်ဆိုတာက သွင်းကုန်ပေါ်မှာပဲ အများစုမှီခိုနေရတာမို့ သွင်းကုန်ကြမ်းကို မှီပြီးတော့မှ ထုတ်တဲ့ ကုန်ချောအတွက်တော့ ကုန်ကြမ်းဈေးတက်တော့ ကုန်ချောဈေးပါ တက်လာတယ်။ ဒါက လက်တွေ့ဈေးကွက်မှာ ဖြစ်နေတာပါ။ အဲသည်တော့ ပြည်သူတွေက ဈေးကြီးပေးဝယ်ရတဲ့ အဖြစ်ကို ကြုံရတာပေါ့။ ပြီးတော့ပို့ကုန်အဆင်သင့်မဖြစ်သေးတဲ့ တိုင်းပြည်အတွက်တော့ ပြည်တွင်းဈေးကွက် ဆိုတာလည်း ပြည်ပကုန်စည်အပေါ် မှီခိုနေရသေးတာမို့ ဒေါ်လာဈေးတက်ပြီး မြန်မာကျပ်ငွေ ကျဆင်းနေတာဟာ ဆိုးကျိုးကပဲ ပိုများလာလိမ့်မယ်လို့ပဲ ယူဆတယ်။ ကျပ်ငွေတန်ဖိုး ကျတာတောင်မှ ကိုယ့်ထုတ်ကုန်က အဆင်သင့်မဖြစ်တော့ ပို့စရာက မရှိ၊ သွင်းကုန်က ဈေးတက်၊ ဈေးကြီးပေးရနဲ့ အဆိုးသံသရာမှာ လည်နေနိုင်တယ်။ အဲသည်ထက်ဆိုးလာရင် စီးပွားပျက်ကပ် ကြုံရနိုင်တယ်။ ဈေးကွက် က မောက်ကမကို ထိန်းနိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်ထားသင့်တယ်လို့ မြင်ပါတယ်။

**မော်ဒန်။ ။ဒေါ်လာဈေးပြဿနာကို ဘယ်လို ထိန်းညှိသင့်တယ် ထင်လဲ။**

**ဦးမြတ်မင်းသူ။ ။**သည်ဒဏ်ကိုက မြန်မာတစ်နိုင်ငံတည်း ခံရတာတော့ မဟုတ်ပါဘူး။ ခံနိုင်ရည်နည်းတဲ့ကျွန်တော်တို့က ပိုခံရနေရတယ်။ သည်ပြဿနာကို ထိန်းညှိဖို့က အရေးတကြီးလုပ်ဖို့ လိုအပ်နေတဲ့ လတ်တလောအခြေအနေတစ်ရပ်ပါ။ ဒါကြောင့် ငွေကြေးမူဝါဒကို ပြန်လည်ညှိနှိုင်းပေးဖို့ လိုပါတယ်။ ရေတိုပြဿနာကို မဖြေရှင်းနိုင်ရင် ရေရှည်မှာ ပိုမိုဆိုးရွားစေပါလိမ့်မယ်။ ဒေါ်လာကို ပြည်တွင်းမှာ အသုံးပြုမှု ကန့်သတ်တာမျိုး။ ဈေးကစားတာတွေကို အရေးယူတာမျိုး။ ဒေါ်လာပိုရစေဖို့ ပို့ကုန်တွေကို တတ်နိုင်သမျှ အရည်အသွေးရော အရေအတွက်ပါ တိုးမြှင့်ပေးတာမျိုး။ သွင်းကုန်ကို အထိုက်အလျောက် လျှော့ချတာမျိုး။ ဈေးကွက် အင်အားမကောင်းသေးတဲ့ အခြေအနေမှာ လက်ရှိ နှုန်းရှင်စနစ်ကိုဗဟိုဘဏ်အနေနဲ့ အထိုက်အလျောက် ထိန်းကျောင်းပေးဖို့တော့ လိုအပ်နေဦးမှာပါ။

**မော်ဒန်။ ။တခြားနိုင်ငံတွေမှာ ဘယ်လိုပုံစံနဲ့ ပြည်တွင်းဈေးနှုန်းတွေကို ထိန်းညှိကြလဲ ရှင်းပြပေးပါဦး။**

**ဦးမြတ်မင်းသူ။ ။**ဒါကတော့ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ကျင့်သုံးတဲ့ စီးပွားရေးစနစ်နဲ့ စီးပွားရေး ရေခံမြေခံပေါ် မူတည်ပြီးတော့ ကွဲပြားတယ်။ ယေဘုယျပြောရမယ်ဆိုရင်တော့ စီးပွားရေးအင်အားကောင်းတဲ့ နိုင်ငံတိုင်းမှာတော့ စီးပွားရေး မဟာဗျူဟာ ခိုင်ခိုင်မာမာ ရှိကြတယ်။ ငွေကြေးမူဝါဒတွေနဲ့ဘဏ္ဍာရေးမူဝါဒတွေကို စနစ်တကျ ကျင့်သုံးကြတယ်။ ရေရှည်ကိုချည်းကြည့်နေလို့ မရတာမို့ ရေတိုပြဿနာတွေကို မကြီးထွားအောင်လည်း လုပ်ဖို့လိုပါတယ်။ မိုက်ခရိုနဲ့ မေခရိုစီးပွားရေးနှစ်ရပ်စလုံးကို အင်အားကောင်းစေမှ အစိုးရအနေနဲ့ စီးပွားရေး တည်ငြိမ်မှု ရရှိမှာဖြစ်ပါတယ်။

**မော်ဒန်။ ။တခြားပြောချင်တာ ပြောပြပေးပါ။**

**ဦးမြတ်မင်းသူ။ ။**လတ်တလောအခြေအနေအရ ဆက်တိုက်ကျဆင်းနေတဲ့ မြန်မာကျပ်ငွေရဲ့ နောက်ဆက်တွဲဂယက်ရိုက်ခတ်မှုတွေကို အကောင်းတွေချည်း မျှော်လင့်မထားဘဲ နောက်ဆက်တွဲဖြစ်စေမယ့် ဆိုးကျိုးတွေအတွက်လည်း ကာကွယ်ပြင်ဆင်ထားဖို့ လိုပါလိမ့်မယ်။ မူဝါဒနဲ့ ဈေးကွက်အနေအထား အရမ်းကြီးကွာဟနေတာမျိုးဟာ ကောင်းကျိုးထက် ဆိုးကျိုးပိုများသွားမှာကိုလည်း စိုးရိမ်မိတယ်။ အခုလိုအနေအထားကို ဈေးကွက်က သူ့အလိုအလျောက် အလို ထိန်းကျောင်းနိုင်မယ့် အနေအထားမျိုးဖြစ်ခဲ့ရင်တော့ အကောင်းဆုံးပါပဲ။ မအောင်မြင်မှာပဲ စိုးရိမ်တာ။

**မော်ဒန်။ ။အခုလို ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။**

မေစုကြည်



www.free4readers.com



# အခုအချိန်မှာ ဈေးကွက်ကြီးတုံ့ဆိုင်းမသွားဖို့ တောင့်ခံထားတဲ့ အနေအထားပေါ့

## အဆင့်မြင့်ဈေးချိုတော်နှင့် တိုက်တန်းကြီး ဈေးအကျိုးတော်ဆောင် အဖွဲ့၊ အတွင်းရေးမှူး ဦးမင်းမင်းနှင့် တွေ့ဆုံခြင်း

**မန္တလေး၊ဩဂုတ် ၁၅–** မန္တလေးဈေးချိုတော်ရဲ့ လက်ရှိ အရောင်းအဝယ် အခြေအနေဟာ အရင်နှစ်တွေနဲ့ နှိုင်းယှဉ်ရင် ရောင်းအားကျဆင်းနေတဲ့ အနေအထားဖြစ်နေတယ်လို့ ဆိုပါတယ်။ ဈေးချိုတော်ရဲ့ အရောင်းအဝယ် အခြေအနေတွေနဲ့ ပတ်သက်ပြီး အဆင့်မြင့်ဈေးချိုတော်နှင့် တိုက်တန်းကြီးဈေးအကျိုးတော်ဆောင်အဖွဲ့ အတွင်းရေးမှူးဦးမင်းမင်းကို တွေ့ဆုံမေးမြန်းပါတယ်။ တချို့ကို ကောက်နုတ်ဖော်ပြပါတယ်။

**မော်ခန်။ ။ဈေးချိုတော်ရဲ့ လက်ရှိ အရောင်းအဝယ် အခြေအနေကို ပြောပြပေးပါ။**

**ဦးမင်းမင်း။** ။ဈေးချိုတော်ရဲ့ လတ်တလော အခြေအနေက ရောင်းအားကျတယ်လို့ ပြောလို့ရတယ်။ အရင်နှစ်တွေနဲ့ နှိုင်းယှဉ်ရင် သည်နှစ်အချိန်က ရောင်းအားကျတယ်။

**မော်ခန်။ ။ဘာကြောင့် ရောင်းအားကျတာလဲ။**

**ဦးမင်းမင်း။** ။ဘာကြောင့်လဲဆိုတော့ ငွေကြေးမတည်ငြိမ်တာတွေလည်း ပါတယ်။ ပြီးတော့ အခုကသည်ကထွက်ကုန်တွေကိုလည်း တစ်ဖက်မှာ ဈေးကောင်းမရတာပေါ့။ ကုန်ပစ္စည်းတွေ ဈေးကောင်းမရတဲ့အပေါ်မှာ နောက်ဆက်တွဲ စီးပွားရေးတွေ အကုန်လုံးက တုန့်ဆိုင်းသွားတဲ့ သဘောပေါ့။

**မော်ခန်။ ။အရင်က အစ်ကိုတို့ ပြောဖူးတဲ့ ၂၀၁၈ ခုနှစ်မှာ ဈေးချိုတော်ရဲ့ အခြေအနေ တိုးတက်လာဖို့ မျှော်မှန်းထားတယ်။ အခုလက်ရှိ အခြေအနေကရော ဘယ်လိုရှိနေလဲ။**

**ဦးမင်းမင်း။** ။အခုက အရင်အခြေအနေအတိုင်း ရောင်းအားတွေ ပြန်ကောင်းဖို့တော့ မျှော်မှန်းထားတဲ့အတိုင်း ၂၀၁၈ မှာ လွယ်တော့ မလွယ်တော့ဘူးပေါ့။ အခုအနေအထားအရ တော်တော်လေးကို စီးပွားရေးတွေက တချို့တွေက တုံ့ဆိုင်းသွားတယ်။ တချို့တွေ ကရပ်ဆိုင်းသွားတဲ့ အနေအထားတွေ ဖြစ်သွားတာပေါ့။

**မော်ခန်။ ။ဘယ်လို စီးပွားရေးမျိုးတွေက ရပ်ဆိုင်းသွားတာလဲ။**

**ဦးမင်းမင်း။** ။အကုန်လုံးကတော့ ဆက်စပ်နေတယ်။ စားသောက်ကုန်လုပ်ငန်း၊ အဝတ်အထည်လုပ်ငန်း၊ အခုဆို အစ်ကိုတို့ ဈေးချိုတော်မှာဆို ကုန်ကြမ်းတွေပေါ့။ ပြည်တွင်းမှာ ထုတ်လုပ်တဲ့ ကုန်ထုတ်လုပ်ငန်းတွေအတွက် လိုအပ်တဲ့ ကုန်ကြမ်းပစ္စည်းတွေကို အဓိက ဈေးချိုက ဖြန့်ဖြူးတာပေါ့။ သည်ကနေ့ နိုင်ငံခြားကို တင်ပို့တယ်။ အရင်တုန်းက ကောက်ပဲသီးနှံတွေကို ဈေးကွက်အနေအထားအရ တရုတ်ပြည်ဈေးကွက် အနေနဲ့ ဈေးကွက်တစ်ခုရှိခဲ့တယ်ပေါ့။ ကျောက်စိမ်းတွေ၊ ပြည်တွင်းကထွက်တဲ့ တွင်းထွက်တွေ ရှိတယ်။ သူတို့ဆီကနေ နိုင်ငံခြားငွေဝင်လာတဲ့အပေါ်မှာ မူတည်ပြီးတော့ လည်ပတ်သွားတာပေါ့။ တိုင်းပြည်ရဲ့ အနေအထားက။ အစိုးရသစ်တက်ပြီး နောက်ပိုင်းမှာ ကောက်ပဲသီးနှံ တင်ပို့မှုက တော်တော်လေး လျော့ကျသွားတာပေါ့။ ဈေးကွက်မရတာတို့၊ ဈေးကွက်ပျက်သွားတာတွေ တချို့သီးနှံတွေက ဖြစ်သွားတယ်။ အဲသည်မှာ နိုင်ငံခြားဝင်ငွေက မရ။ နိုင်ငံခြားပစ္စည်းတွေဝယ်ရဆိုတော့ ငွေကြေးလည်ပတ်မှုဂျမ်ဖြစ်သွားတာပေါ့။ အဲသည်လိုတော့သုံးသပ်လို့ရပါတယ်။ နောက်ပြီးတော့ နိုင်ငံရေး၊ စီးပွားရေးပေါ်လစီတွေကြောင့်လည်း ပါတယ်ပေါ့။

**မော်ခန်။ ။ရောင်းအားကျခဲ့တာက ဘယ်အချိန် ကတည်းကလဲ။**

**ဦးမင်းမင်း။** ။ရောင်းအားကျတာတော့ တဖြည်းဖြည်းချင်း ကျလာတာပေါ့၊ သိသိသာသာတော့ ၂၀၁၅ နောက်ပိုင်းတည်းကနေ တဖြည်းဖြည်းချင်း လျော့လာတာ ၂၀၁၆၊ ၂၀၁၇၊ ဒီ ၂၀၁၈ ကတော့ တော်တော်လေးကို ရောင်းအားကျတဲ့ အနေအထားပေါ့။

**မော်ခန်။ ။အဲသည်အတွက် ဘယ်လိုတွေ လုပ်ဖို့လိုမလဲ။ ဘာတွေ ပြင်ဆင်ဖို့လိုမလဲ။**

**ဦးမင်းမင်း။** ။ဘာတွေပြင်ဆင်ဖို့ လိုမလဲဆိုတော့ အစိုးရအနေနဲ့ စီးပွားရေးမူဝါဒတွေကို ပြန်သုံးသပ်ဖို့တော့ အချိန်ရောက်ပြီလို့ သုံးသပ်လို့ရတယ်။ ဘာဖြစ်လို့လည်းဆို စီးပွားရေးမူဝါဒ အပြောင်းအလဲ နောက်ပိုင်းမှာ အကုန်လုံးက တုံ့ဆိုင်းသွားတာပေါ့။ ဒါတွေကိုပြန်လည်သုံးသပ်ဖို့ အချိန်ရောက်ပြီလို့ အစ်ကိုတို့က ထင်မြင်ယူဆတာပေါ့။

**မော်ခန်။ ။ဈေးချိုတော်အနေနဲ့ကရော ဘာတွေလုပ်ဆောင်ထားလဲ။**

**ဦးမင်းမင်း။** ။ဈေးချိုတော်အနေနဲ့ကတော့ အရှင်းဆုံးပြောရရင်တော့ အခုအခြေအနေက ဈေးချိုတော်ရဲ့ ဈေးကွက်ကြီး တုံ့ဆိုင်းမသွားဖို့ တောင့်ခံထားတဲ့ အနေအထားပေါ့။

**မော်ခန်။ ။အခုတောင်ပြုန်းရာသီကရော ဈေးချိုတော်ရဲ့ စီးပွားရေးနဲ့ ဆက်စပ်မှုရှိနိုင်လား။**

**ဦးမင်းမင်း။** ။မြန်မာနိုင်ငံရဲ့ အထက်မြန်မာပြည် စီးပွားရေးကတော့ တောင်ပြုန်းပွဲတော်နဲ့တိုက်ရိုက်ကြီး မသက်ဆိုင်ဘူးဆိုပေမဲ့ အကျိုးသက်ရောက်မှုတော့ရှိတာပေါ့လေ။ မြန်မာပြည်ရဲ့ ပွဲတော်တွေက တောင်ပြန်းပွဲတော်ကနေ စမယ်။ အနယ်နယ် အရပ်ရပ်မှာရှိတဲ့ တောင်သူတွေက ထွက်သမျှကုန်လေးတွေ သည်မှာလာရောင်းရင်းနဲ့ တောင်ပြုန်းပွဲကနေ စတယ်ဆိုတော့ ဘာပဲပြောပြော အကျိုးသက်ရောက်မှုရှိတယ်လေ၊ မနှစ်ကဆို တောင်ပြုန်းပွဲတော် ရပ်ဆိုင်းသွားတော့ နယ်က ကုန်သည်လုပ်ငန်းရှင်တွေဟာ တော်တော်လေး ဒုက္ခရောက်သွားတဲ့ အနေအထား ဖြစ်ခဲ့တယ်။

**မော်ခန်။ ။ရာသီဥတုအခြေအနေနဲ့ရော သက်ဆိုင်မှုရှိလား။**

**ဦးမင်းမင်း။** ။ရာသီဥတုကတော့ တအားကြီး အကျိုးသက်ရောက်မှု မရှိဘူး။ တချို့နေရာတွေကတော့ နှစ်စဉ်နှစ်တိုင်း သည်လိုရေကြီးတာတွေ ရှိတယ်။ အခုကတော့ လူမှုကွန်ရက်တွေကနေ ချက်ချင်းပြင်နိုင်ပြုနိုင်တော့ ဒါတွေက လူတွေ ပိုသိလာတဲ့ အနေအထားပေါ့။ သဘာဝဘေးနဲ့ ဆိုးဆိုးဝါးဝါးဘေးဒုက္ခရောက်တာလဲ မရှိတော့ စီးပွားရေးအပေါ်မှာ အကျိုးသက်ရောက်မှု မရှိသေးပါဘူး။ အခု အနေအထားကတော့။

**မော်ခန်။ ။သည်အချိန်မှာ ပုံမှန် အရောင်းအဝယ် ဖြစ်နေတဲ့ ကုန်ပစ္စည်းတွေကိုလည်း ပြောပြပေးပါဦး။**

**ဦးမင်းမင်း။** ။အခုရာသီကတော့ အစားအသောက်နဲ့ အဝတ်အထည်လုပ်ငန်းတွေက ပုံမှန်အရောင်းအဝယ်ရှိတယ်။ အောက်တိုဘာကုန်ပြီး နောက်ပိုင်းမှ အခွေးထည် လိုင်းတွေ၊ စောင်တွေ ဆောင်းရာသီကုန်တွေ လာမှာပေါ့။

**မော်ခန်။ ။အခုလက်ရှိကမန္တလေးမြို့ရဲ့ လုံခြုံရေးအနေအထားကနည်းနည်းလှုပ်ခတ်နေတော့ ဈေးချိုတော်လုံခြုံရေးအတွက်လည်း ဘာတွေ တိုးချဲ့ပြင်ဆင်ထားတာမျိုး ရှိဦးမလဲ။**

**ဦးမင်းမင်း။** ။ဈေးလုံခြုံရေးကိုတော့ ပုံမှန်အတိုင်းက ကိုယ့်ရဲ့ လုံခြုံရေးကိုကိုယ်ပဲ စောင့်ရှောက်နေရတဲ့ သဘောပေါ့။ အဲသည်အပေါ်မှာတော့ လုံခြုံရေးတိုးမြှင့်မှုဘာညာတော့ မရှိပါဘူး။ ဘာကြောင့်လဲဆို ပုံမှန်တော့ ဈေးလုံခြုံရေးက အမြဲတမ်းအရေးကြီးတော့ ဒါကို

> “
> **စီးပွားရေးမူဝါဒ အပြောင်းအလဲ နောက်ပိုင်းမှာ အကုန်လုံးက တုံ့ဆိုင်းသွားတာပေါ့၊ ဒါတွေကို ပြန်လည်သုံးသပ်ဖို့ အချိန်ရောက်ပြီလို့ အစ်ကိုတို့က ထင်မြင်ယူဆတာပေါ့**
> ”

တော့ လျှော့ပြီး မလုပ်ဘူး။ နယ်မြေခံ တပ်ဖွဲ့ရယ်၊ အစ်ကိုတို့ ဈေးအကျိုးတော်ဆောင်အဖွဲ့ရယ်၊ ဈေးစည်းကမ်းထိန်းသိမ်းရေးအဖွဲ့ရယ် ပူးပေါင်းပြီး အမြဲတမ်း လုပ်ဆောင်နေပါတယ်။

**မော်ခန်။ ။ဖြည့်စွက်ပြောစရာရှိရင်ပြောပေးပါ။**

**ဦးမင်းမင်း။** ။အစိုးရအနေနဲ့ အောက်ခြေလုပ်ငန်းရှင်တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ပိုပြီးတော့ များများထိတွေ့သင့်တယ်လို့ အစ်ကိုတို့က သုံးသပ်လို့ရတယ်။ ဘာကြောင့်လဲဆိုရင် အစ်ကိုတို့ဈေးချိုတော်မှာ အရင်အစိုးရအဆက်ဆက်က ဆက်ဆံဖူးတာပဲလေ။ အရင်အစိုးရလက်ထက်က ဒါမျိုးသည်လို အနေအထားမျိုး ရောက်ပြီဆိုရင်ပြန်သုံးသပ်တဲ့ အနေအထားတွေရှိတယ်။ စီးပွားရေးတုံ့ဆိုင်းတယ်။ ငွေကြေးကမောက်ကမ ဖြစ်တယ်။ ရွှေဈေးတွေ ဘာတွေ တက်တယ်ဆိုရင် အကြောင်းရင်းရှာပြီး အနေအထားရှိတယ်။ အခု ဒီဘက်နောက်ပိုင်း အစိုးရခေတ်မှာ ကျတော့ အဲဒါမျိုးတွေ အဖြေထုတ်တဲ့ဟာမျိုးတွေ မရှိတော့ဘူး။ အဲ သည်လင့်ခ်တွေ ပြတ်သွားတယ်။ သူတို့အထက်ကကျတဲ့ မူဝါဒတစ်ခုအပေါ် သည်ရဲ့ အကျိုးအပြစ်တွေကို ပြန်လည် မသုံးသပ်ဘဲ လုပ်တယ်ပေါ့။ အဲဒါကြောင့် ဒါမျိုးအဖြေရှာဖို့ရာ လင့်ခ်တွေ ပျက်ကုန်တာပေါ့။

**မော်ခန်။ ။အခုလို အချိန်ပေးပြီး ဖြေကြားပေးတာ ၄ကျေးဇူးတင်ပါတယ်။**

**ဇွဲဘုန်း**



မန္တလေးဈေးချိုတော်မှာ အရင်နှစ်တွေနဲ့ယှဉ်ရင် ရောင်းအားကျဆင်းနေတဲ့ အနေအထားပါ။

www.free4readers.com







မန္တလေးမြို့ကြီးဟာ ယဉ်ကျေးမှုမြို့တော်လည်း ဖြစ်သလို နိုင်ငံရဲ့ စီးပွားရေးအချက်အချာကျတဲ့ မြို့တော်လည်း ဖြစ်ပါတယ်။

ဆိုင်တစ်ခုက လုယက်က ဆိုပါတယ်။

သေနတ်သမားကို စစ်ဆေးချက်အရ လုယက်ရန် ရည်ရွယ်ချက်ဖြင့် ယခုလိုပြုလုပ်ခဲ့ခြင်း ဖြစ်တယ်၊ သူတစ်ဦးထဲက ပြစ်မှုကျူးလွန်သူတာဖြစ်ပြီး သူ့ကိုလက်နက်မှု၊ လူသတ်မှု၊ လုယက်မှုတို့နဲ့ အမှုဖွင့်ထားတယ်။ လက်ရှိအခြေအနေမှာတော့ ပြစ်မှုကျူးလွန်စဉ်အသုံးပြုတဲ့ သေနတ်မည်ကဲ့သို့ ရရှိပုံ၊ ပစ်မှု ကျူးလွန်ရခြင်းအကြောင်းရင်းတွေကို တရားခံသေနတ်သမားကအတိအကျ ဖြေဆိုခြင်းမရှိတဲ့ အနေအထားကြောင့် ဆက်လက် စစ်ဆေးနေတယ်လို့ မန္တလေးခရိုင်ရဲတပ်ဖွဲ့က တာဝန်ရှိသူတစ်ဦးထံက သိရပါတယ်။

သည်လိုမျိုးအလားတူ သေနတ်နဲ့ ပစ်တဲ့ဖြစ်စဉ်တစ်ခု ၂၀၁၇ ခုနှစ် မတ်လ ၂၂ ရက်ကပြည်ကြီးတံခွန်မြို့မှာဖြစ်ပွားခဲ့ဖူးပါတယ်၊ ပြည်ကြီးတံခွန်မြို့နယ် ကျန်စစ်သားလမ်းပေါ်နဲ့ ၇၂ လမ်းကြားမှာ ဆိုင်ကယ်မောင်းနေတဲ့ ဦးရဲဝင်းရဲ့ နဖူးကိုကျည်ဆန်ထိမှန်သေဆုံးခဲ့ပေမဲ့ ဒီနေ့အထိ လက်သည်မဖော်နိုင်သေးပဲ ရှိနေပါတယ်။

## ယဉ်ကျေးမှုမြို့တော်

မန္တလေးမြို့ကြီးဟာယဉ်ကျေးမှုမြို့တော်လည်း ဖြစ်သလိုနိုင်ငံရဲ့ စီးပွားရေးအချက်အချာကျတဲ့ မြို့တော်လည်းဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီးက ခရီးသွားဧည့်သည်တွေ လာရောက်လည်ပတ်ဖို့ စိတ်ဝင်စားမှုအများဆုံးမြို့တော်ကြီးဖြစ်သလို နိုင်ငံတကာရဲ့ ခရီးသွားဧည့်သည်တွေနဲ့ အမြဲတမ်းစည်ကားတဲ့ မြို့တော်ကြီးလည်း ဖြစ်ပါတယ်။

မန္တလေးတိုင်းအစိုးရအနေနဲ့ ကလည်း ဘက်ပေါင်းစုံ ကဏ္ဍပေါင်းစုံ ကနေ ဖွံ့ဖြိုးတိုးတက်အောင်၊ မှုခင်းလျော့နည်းကျဆင်းအောင်အဘက်ဘက်ကအကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်နေတဲ့ မြို့တော်ကြီးလည်းဖြစ်ပါတယ်။

သို့သော် လည်း သည်လို ဆောင်ရွက်နေတဲ့ကြားထဲကနေမှ ထိတ်လန့်စရာမှုခင်းဖြစ်စဉ်တွေ ပေါ်ပေါက်နေတာဟာပြည်သူတွေကြား ထိတ်လန့်စိုးရိမ်မှုတွေ ဖြစ်ပေါ်စေပြီး မလုံခြုံဘူးဆိုတဲ့ခံစားမှုတွေ ဖြစ်လာစေတယ်လို့ ဒေသခံအချို့က ပြောပါတယ်။

မန္တလေးဒေသခံဦးကျော်စိုးက '(သတင်းစာ၊ ဂျာနယ်တွေမှာ) ရေးထားတာတော့ ပိုက်ဆံအိတ်လုတာလိုလို ဘာလိုလိုရေးထားတာပဲလုတယ်ဆိုဦးတော့ ကပ်ပစ်တာဆိုတော့ လူတစ်ယောက်ကို ဒီလောက်အထိလုပ်ရပ်တာကို နားမလည်ဘူးဖြစ်သွားတယ်၊ စိတ်ထဲမှာလဲ လူတွေရဲ့ စိတ်ထဲမှာအရိုင်းစိတ်တွေ ဝင်လာနေပြီလားထင်မိတယ်တဖြည်းဖြည်းလမ်းပေါ်သွားနေရင်းမပြောနဲ့ ကိုယ့်အိမ်မှာကိုယ်နေရင်းနဲ့ကို ကြောက်နေတယ်' လို့ ပြောပါတယ်။

**မိုးမြင့်ထွန်း**




မှတ်ချက်။ ။ အဖြစ်အပျက်ကိုမြင်သာအောင် ရေးဆွဲထားတဲ့ပုံကြမ်းသာ ဖြစ်ပါတယ်။ မြေပြင်နဲ့ စကေးကိုက် မဟုတ်ပါ။

ကျဆင်းတယ်လို့ ကျောက်ဝိုင်းက ကျောက်စိမ်းဝယ်ရောင်းပွဲစားတွေထံ က သိရပါတယ်။ မန္တလေး မဟာအောင်မြေကျောက်မျက်ရောင်းဝယ်ရေးစခန်း (ကျောက်ဝိုင်း) ဟာ မြန်မာ့ကျောက်စိမ်းဈေးကွက်မှာ အရေးပါဆုံးနဲ့ အကြီးမားဆုံး ကျောက်စိမ်းရောင်းဝယ်ရာနေရာဖြစ်ပါတယ်။ ကျောက်စိမ်းအပြင်၊ မိုးကုတ်ဒေသထွက် ကျောက်မျက်ရတနာတွေပါ ရောင်းဝယ်ပါတယ်။

မြန်မာနိုင်ငံရဲ့ အဓိကကျောက်စိမ်းရောင်းဝယ်ရာနေရာဖြစ်တာနဲ့ အမျှ ကျောက်ဝိုင်းရဲ့ ဈေးကွက် ကျဆင်းမှုဟာ ပြည်တွင်းကျောက်စိမ်းဈေးကွက်ကျဆင်းမှုရဲ့ပြယုဒ်ဖြစ်ပါတယ်။

ကျောက်စိမ်းဈေးကွက် အကြီးအကျယ်ပျက်စီးယိုယွင်းမှုကို အလျင်အမြန်ကုစားဖို့ လိုအပ်နေပြီး သည်လိုမဟုတ်ခဲ့ပါက လာမယ့် နှစ် အနည်းငယ် အတွင်း ပြည်တွင်းကျောက်စိမ်းဈေးကွက်ပျောက်သွားတဲ့အထိဖြစ်လာနိုင်တယ်လို့ ကျွမ်းကျင်သူတွေက ထောက်ပြပြောဆိုပါတယ်။

**မိုးမြင့်ထွန်း**

# မန္တလေးဈေးကွက် ကြက်သွန်နီဈေးအားကျ

**မန္တလေး၊ ဩဂုတ် ၁၅** – မန္တလေးမြို့ရဲ့ လက်ရှိကြက်သွန်နီဈေးကွက်အရောင်းအဝယ် အခြေအနေဟာ ရောင်းအားကျဆင်းနေတယ်လို့ ရွှေမန်းလှကြက်သွန်နီပွဲရုံက သိရပါတယ်။

'လက်ရှိ အရောင်းအဝယ်အခြေအနေက လက်လီရော လက်ကားပါ ရောင်းမကောင်းကြဘူး၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွေက နယ်မြေမငြိမ်းချမ်းတာရော၊ ကြက်သွန်အထွက်များတာကြောင့် ရော ရောင်းမကောင်းဘူး၊ တရုတ်ပြည်ကို အိတ်စပို့အနေနဲ့ နယ်စပ်ကုန်သွယ်ရေးကနေ နည်းနည်းချင်းတော့ ကြက်သွန်ရောင်းရတယ်' လို့ ရွှေမန်းလှကြက်သွန်နီပွဲရုံ ဦးဝင်းမြင့်က ပြောပါတယ်။

လက်ရှိအချိန်က ကြက်သွန်နီတွေ အထွက်တိုးချိန်လို့ သိရပြီး အရောင်းအဝယ် အခြေအနေကတော့ ပြီးခဲ့တဲ့ မေလ ကစကာ ကျဆင်းခဲ့တယ်လို့ ဆိုပါတယ်။

'တစ်နိုင်ငံလုံးကြက်သွန်အထွက် တိုးနှုန်းများတော့ ဦးတို့ရောင်းမယ့် ဒေသတွေကို တောင်သူတွေက ကိုယ်တိုင် ဒါရိုက် သွားရောင်းနေကြတာ၊ မေလခန့်က တည်းက ရောင်းအားကျခဲ့တာ၊ လာမယ့် နိုဝင်ဘာ၊ ဒီဇင်ဘာကျမှ ပုံမှန်အရောင်းအဝယ်ကောင်းလာမယ်လို့ ခန့်မှန်းရပါတယ်' လို့ဦးဝင်းမြင့်က ထပ်ပြောပါတယ်။

အခုအချိန်က စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနဲ့ မကွေးတိုင်းက ထွက်ရှိတဲ့ နွေကြက်သွန် အမျိုးအစားတွေဈေးကွက်ထဲ ရောက်ရှိနေတာဖြစ်ပါတယ်။ အခုလို ရောင်းအားတွေ ကျဆင်းတာကြောင့် တောင်သူတွေနဲ့ လုပ်ငန်းရှင်တချို့မှာလည်း အခက်အခဲတွေ ကြုံတွေ့ခဲ့ရတယ်လို့ ဆိုပါတယ်။

**စွေ့ဘြူ**

www.free4readers.com



# ရန်ကင်း၊ ဆီဒိုးနားဟိုတယ်အနီးက စိမ်းလဲ့အောင်ကွန်ဒို ၁၅ နှစ် အရစ်ကျစနစ်

**ရန်ကုန်၊ ဩဂုတ် ၁၅** – ရန်ကင်းမြို့နယ်ရှိ အသင့်တည်ဆောက်ပြီး စိမ်းလဲ့အောင် ကွန်ဒို အရောင်းပြပွဲကို i Myanmar house ကနေ ကြီးမှူးကျင်းပမှာဖြစ်ပြီး ၂၅ ရာခိုင်နှုန်း ပေးသွင်းကာ အသင့်နေထိုင်ခွင့်ရရှိမှာ ဖြစ်ပါတယ်။

ဝယ်သူတွေအတွက် အခွင့်အရေးတစ်ရပ်အနေနဲ့ ၂၅ ရာခိုင်နှုန်း ပေးသွင်းနေထိုင်ပြီး ကျန် ၇၅ ရာခိုင်နှုန်းကို Mortgage ၁၂ ရာခိုင်နှုန်း၊ ၁၅ နှစ် ငွေချေစနစ်နဲ့ ရောင်းချပေးမှာဖြစ်ကြောင်း သိရပါတယ်။ ဝယ်ယူသူတွေအနေနဲ့ စက်တင်ဘာလက စပြီး လစဉ်လဆန်း ၅ ရက်မတိုင်မီမှာ ငွေပေးသွင်းရမှာ ဖြစ်ပါတယ်။

၎င်းကွန်ဒိုမှာ အိပ်ခန်းသုံးခန်းဖွဲ့ပြီးပါကေား၊ ကြွေပြားနဲ့ပရိဘောဂ အပြည့်အစုံ ပြင်ဆင်ပေးထားပါတယ်။ကားပါကင်၊ ဓာတ်လှေကား၊ ရေကူးကန်၊ အားကစားလေ့ကျင့်ခန်းမ ပါဝင်ပါတယ်။ ပွဲကို လာရောက်သူတွေအနေနဲ့ စာရင်းပေးသွင်းပြီးတက်ရောက်ရင် ပြပွဲတွင်း အထူးလျှော့ဈေးတွေလည်း ရရှိနိုင်မှာပါ။

စိမ်းလဲ့အောင်ကွန်ဒိုမှာ ရန်ကင်းမြို့ ဆီဒိုးနားဟိုတယ်အနီး တည်ရှိပြီး အရောင်းပြပွဲကို ဩဂုတ် ၁၈ ရက်ကနေ ၁၉ ရက်အထိ မနက် ၉း၀၀ နာရီကနေ ညနေ ၆း၀၀ နာရီထိ ၁၈ A၊ စိမ်းလဲ့မေရိပ်သာလမ်း၊ ရန်ကင်းမြို့နယ်မှာ ကျင်းပမှာဖြစ်ပါတယ်။

**မေသက်**

စိမ်းလဲ့အောင် ကွန်ဒို

## Sale Concept

| | |
|---|---|
| Plot No. | 302 |
| Price | 371,160,000 |
| | 371,160,000 |

Contract to Key 30% Payment Plan — 92,790,000

| Particulars | Time Period | % & Amt | Times | % Tot | Amt |
|---|---|---|---|---|---|
| Contract | Aug-18 | 25% | 1 | 25% | 92,790,000 |
| | | | | 25% | 92,790,000 |

After Key 75% Balance Amt ( Loan Amt ) — 278,370,000

1st to 15 th Year Mortgage Payment Plan — 12% interest Rate Per Annual

| Sr. | Year | Amount |
|---|---|---|
| 1 | 1 Year Payment Plan | 24,732,837 |
| 2 | 2 Year Payment Plan | 13,103,842 |
| 3 | 3 Year Payment Plan | 9,245,867 |
| 4 | 4 Year Payment Plan | 7,330,550 |
| 5 | 5 Year Payment Plan | 6,192,187 |
| 6 | 6 Year Payment Plan | 5,442,187 |
| 7 | 7 Year Payment Plan | 4,913,991 |
| 8 | 8 Year Payment Plan | 4,524,303 |
| 9 | 9 Year Payment Plan | 4,226,835 |
| 10 | 10 Year Payment Plan | 3,993,801 |
| 11 | 11 Year Payment Plan | 3,807,511 |
| 12 | 12 Year Payment Plan | 3,656,165 |
| 13 | 13 Year Payment Plan | 3,531,586 |
| 14 | 14 Year Payment Plan | 3,427,930 |
| 15 | 15 Year Payment Plan | 3,340,908 |

Sept-2018 မှ စတင်ပြီး လစဉ် လဆန်း (၅) ရက်နေ့မတိုင်မီ ငွေပေးသွင်းရမည်။




၂၅ ရာခိုင်နှုန်း ပေးသွင်းကာ အသင့်နေထိုင်ခွင့်ရရှိမှာ ဖြစ်ပါတယ်။

## နိုင်ငံ့ဝန်ထမ်းအိမ်ရာ ပူးပေါင်းဆောင်ရွက်ဖို့ စိတ်ဝင်စားမှု အဆိုပြုလွှာ ဖိတ်ခေါ်

**ရန်ကုန်၊ ဩဂုတ် ၁၅** – ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဒဂုံ (ဆိပ်ကမ်း)မြို့နယ် ရွှေလီလမ်းနဲ့ မြစ်နန္ဒာလမ်းထောင့် အကျယ်အဝန်း ၁၈၃ ဧကရှိတဲ့ မြေနေရာမှာ နိုင်ငံ့ဝန်ထမ်း အိမ်ရာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ စီမံကိန်းမှာ ဖုန်အလိုက် နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်း၊ အိမ်ရာတွေအပြင် စီးပွားရေးဆိုင်ရာ အဆောက်အအုံတွေ၊ ဈေးဝယ်စင်တာ၊ အဆင့်မြင့်လူနေအိမ်တွေနဲ့ ယာဉ်ရပ်နားနေရာတွေ ဖော်ဆောင်ဖို့ စီစဉ်ထားပါတယ်။

အဲသည်စီမံကိန်းကို ပူးပေါင်းဆောင်ရွက်ဖို့ စိတ်ပါဝင်စားတဲ့ ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်၊ ကုမ္ပဏီတွေကို စိတ်ဝင်စားမှု အဆိုပြုလွှာ EOI တင်သွင်းဖို့ ဖိတ်ခေါ်ထားပါတယ်။ စိတ်ဝင်စားမှု အဆိုပြုလွှာ EOI တင်သွင်းဖို့ စည်းကမ်းချက်တွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ ဗိသုကာဆိုင်ရာ မာစတာပလန် လျှောက်လွှာပုံစံတွေကို တစ်စုံ ကျပ် ၅၀,၀၀၀ နှုန်းနဲ့ ဝယ်ယူပြီး ၁၃–၈–၂၀၁၈ ရက်ကနေ ၁၇–၈–၂၀၁၈ ရက်အထိ နောက်ဆုံးထား ဝယ်ယူရမှာဖြစ်ပါတယ်။ အဆိုပြု လျှောက်လွှာတွေကို သတ်မှတ်ဈေးအတိုင်း ဝယ်ယူရမှာဖြစ်ပြီး လျှောက်လွှာတန်ဖိုးကို ပြန်ထုတ် ပေးမှာ မဟုတ်ဘူးလို့ သိရပါတယ်။

အိတ်ပိတ်အဆိုပြုလွှာတွေကို ၇–၉–၂၀၁၈ ရက်နေ့ နေ့လယ် ၁၂း၀၀ နာရီမတိုင်ခင် အခန်းအမှတ် ၂၂၂၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ အလုံလမ်း၊ ဒဂုံမြို့နယ်မှာ တင်သွင်းရမှာဖြစ်ပြီး ၀၉ ၄၄၈၁၄၄၇၄၄၊ ၀၉–၄၄၈၁၄၄၇၅၅ ကိုလည်း ဆက်သွယ်နိုင်ပါတယ်။

**မေသက်**

## ရန်ကုန်မြို့တော်စည်ပင်က ဆောက်လုပ်ရေးပစ္စည်း အိတ်ဖွင့်တင်ဒါ ခေါ်ယူ

**ရန်ကုန်၊ ဩဂုတ် ၁၅** –ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာနက (လမ်းနဲ့တံတား) အသုံးပြုဖို့အတွက် လိုအပ်တဲ့ ဖော်ပြပါပစ္စည်းတွေကို ဌာနအရောက်ကျပ်ငွေနဲ့ ဝယ်ယူလိုတာကြောင့် စိတ်ဝင်စားတဲ့ လုပ်ငန်းရှင်တွေအနေနဲ့ အိတ်ဖွင့်တင်ဒါတွေ ပေးသွင်းနိုင်ဖို့ ဖိတ်ခေါ်နေပါတယ်။

(က) ဘိလပ်မြေ (ပြည်တွင်း)၊ အိတ်၁၅၀,၀၀၀၊ (ခ) ကျောက်စရစ်ကျင်း ၅၀၀၀၊ (ဂ) မီးစက်နှစ်လုံး ဖြစ်ပါတယ်။ အိတ်ဖွင့်တင်ဒါပုံစံနဲ့ စည်းကမ်းချက်တွေကို ၁၃–၈–၂၀၁၈ ရက်ကစတင်ရောင်းချမှာဖြစ် ပြီး အိတ်ဖွင့်တင်ဒါတွေကို ၂၄–၈–၂၀၁၈ ရက် မွန်းတည့် ၁၂း၀၀နာရီ နောက်ဆုံးထားတင်သွင်းရမှာ ဖြစ် ပါတယ်။ တင်ဒါစိစစ်ရွေးချယ်မယ့်ရက်ကို ထပ်ပြီး အကြောင်းကြားမှာ ဖြစ်ပါတယ်။

တင်ဒါပုံစံကို မြို့တော်ခန်းမ (ပထမထပ်) ဘတ်ဂျက်နဲ့ ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုမှာ ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်တွေကို ဖုန်း–၀၁–၃၈၈၇၃၂ ကိုဖြစ်ဖြစ်၊ စံချိန်စံညွှန်း သတ်မှတ်ချက်တွေအတွက် ဖုန်း– ၀၉၅၁၉၄၁၆၄ ကို လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီက ထုတ်ပြန်ထားပါတယ်။

**မေသက်**

## သင့်အိမ်ကို ကြွက်မလာအောင် သည်နည်းလေးတွေ သုံးပါ

**ရန်ကုန်၊ ဩဂုတ် ၁၄** – အစားအစာရှိတဲ့ နေရာမှာ ကြွက်တွေပျော်ကြပါတယ်။ အထူးသဖြင့် ၎င်းတို့ အတွက် အစားအစာလွယ်ကူတဲ့ နေရာမျိုးဆို မိသားစုလိုက် အုပ်လိုက်ကျင်းလိုက် နေတတ်ပါတယ်။ ကြွက်က လူတွေအတွက် ကျန်းမာရေးကိုထိခိုက်စေနိုင်တယ်လို့ အားလုံးက သိပြီးသားပါ။ အကုသိုလ်ကင်းကင်းနဲ့ အိမ်မှာကြွက်မနေနိုင်အောင်လုပ်ဖို့ အလွယ်ဆုံး နည်းတွေကို ဖော်ပြပေးလိုက်ပါတယ်။

ဂွမ်းစတွေကို အလုံးကလေးတွေလုံးပြီး ငရုတ်ဆီနဲ့ ဆွတ်ကာ ကြွက်တွေ ကျင်လည်ရာ နေရာတစ်လျှောက်မှာ ချထားလိုက်ပါ။ ကြွက်တွေက ငရုတ်ဆီကို ကြောက်ကြပါတယ်။

ကြွက်တွေ မခံနိုင်တဲ့ အနံ့ထဲမှာတော့ လေးညှင်းနံ့လည်း ပါဝင်ပါတယ်။ လေးညှင်းနံ့ ရှိတဲ့နေရာဆိုရင် ကြွက်တွေက နောက်တစ်ကြိမ် ထပ်မလာတော့ဘူးလို့ တောင်သိရပါတယ်။ လေးညှင်းပွင့် လေးညှင်းဆီကတော့ အိမ်အတွက် အကောင်းဆုံးဖြစ်ပါတယ်။

ပရုတ်လုံးထည့်တဲ့ သေတ္တာလေးတွေကို ကြွက်နေတတ်တဲ့နေရာနဲ့ ကြွက်ရောက်တတ်တဲ့ နေရာတွေမှာ ချထားလိုက်ပါ။ ကြွက်တွေ အိမ်ဘက်ကိုတောင် ခြေဦးမလှည့်စေတော့တဲ့အထိ ပရုတ်လုံးက စွမ်းပါတယ်။

ဆပ်ပြာမှုန့်ကို ရေနဲ့နှစ်ဆတစ်ဆ ရောစပ်ပြီး ဖျော်လိုက်ပါ။ ငရုတ်ဆီအနည်းငယ်ထည့်ပြီး စပရေးဘူးထဲကို ထည့်ပြီး ကြွက်ရောက်နိုင်တဲ့ နေရာတွေမှာ ဖျန်းပေးပါ။ သုံးလေးရက် တစ်ခါလောက်မှ သည်နည်းကို သုံးလို့ ရပါတယ်။ ဆပ်ပြာမှုန့်က ငရုတ်ဆီရဲ့ အရည်အသွေးကို သုံးလေးရက်လောက် ထိန်းပေးထားနိုင်လို့ စရိတ်သက်သာတဲ့ နည်းလမ်းတစ်ခု ဖြစ်ပါတယ်။

**မေသက်**



အစားအစာလွယ်ကူတဲ့နေရာမျိုးဆို မိသားစုလိုက် အုပ်လိုက်ကျင်းလိုက် နေတတ်ပါတယ်။

www.free4readers.com





ပဲမျိုးစုံ ဈေးကွက်ပျက်နေတာကြောင့် စိုက်ပျိုးသူရော သိုလှောင်သူပါ နည်းပါးနေပါတယ်။

# ပြည်ပဝိုတဲ့ ပဲတွေ ဘာလို့ အနိမ့်ဈေးပဲ ရနေသလဲ

ပခုက္ကူ၊ ဩဂုတ် ၁၄– ပြည်တွင်း ပဲမျိုးစုံကို နိုင်ငံတကာတင်ပို့ရာမှာ အနိမ့်ဈေးနဲ့ထိုးရနေရခြင်းမှာ ဓာတုဓာတ်ကြွင်းပါဝင်တာအပြင် နည်းစနစ်တကျ သိုလှောင်ခြင်း မလုပ်တာတွေကြောင့်ဖြစ်တယ်လို့ ဝါရင့်ကုန်သည်တွေက ဆိုပါတယ်။

နိုင်ငံတကာဈေးကွက်ကို တင်ပို့ရောင်းချနိုင်ဖို့ မြန်မာနိုင်ငံက ပဲမျိုးစုံတွေဟာ အရည်အသွေးနိမ့်နေတာကြောင့် နိုင်ငံတကာရဲ့ ဝယ်ယူကမ်းလှမ်းခြင်းကို မခံရဘူးလို့ ပခုက္ကူမြို့ ကုန်သည်တွေက ဆိုပါတယ်။

'ဆေးက ဘယ်အချိန်ထည့်ရမယ်၊ ဒါတွေကို ပက်ကင်ကို ဘယ်လိုထားမယ်၊ သိုလှောင်တဲ့နည်းတွေက ဘယ်လိုထားရမယ်ဆိုတာတွေကို သိပ်မသိကြဘူး၊ အဲဒီလိုမျိုးတွေ စနစ်တကျထားတာလဲ တိုင်းပြည်က ဆင်းရဲတဲ့အခါကျတော့ မရှိဘူး'လို့ ပခုက္ကူကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌက ပြောပါတယ်။

နိုင်ငံတကာကို တင်ပို့နိုင်အောင် သီးနှံအရည်အသွေးမြင့်ဖို့ လိုပြီး လူတွေမှာ အရင်းအနှီးပေါများဖို့လိုတဲ့ အပြင် အသိပညာကြွယ်ဝဖို့နဲ့ ဗဟုသုတကြွယ်ဝဖို့ လိုအပ်တယ်လို့ ကုန်သည်တွေက ဆိုပါတယ်။

တချို့ တောင်သူတွေက ခေတ်ပညာနဲ့ နည်းစနစ်တွေ သိထားပေမဲ့လည်း အရင်းအနှီးနည်းပါးတာကြောင့် အရည်အသွေးမြင့်သီးနှံမရကြသလို ပညာနည်းပါးတဲ့ တောင်သူတွေအတွက်လည်း နည်းပညာ၊ အသိပညာနဲ့ ငွေကြေးအခက်အခဲတွေနဲ့ ရင်ဆိုင်နေကြရပါတယ်။

ပွဲရုံတစ်ရုံက ကုန်သည်တစ်ဦးကို ပဲသိုလှောင်ပုံကို မေးမြန်းကြည့်ရာမှာ 'ဦးတို့လဲ ပွဲရုံလုပ်တယ်လေ၊ ဂိုဒေါင်ရှိတာပဲလေ၊ အဲဒီ ဂိုဒေါင်ကြီးထဲ ထည့်ပြီးတော့ အုပ်လိုက်တာပဲ၊ တစ်လတစ်ခါ နှစ်လတစ်ခါ အဲဒီလိုမျိုး သူ့မှာ လစ်မစ်မရှိဘူးပေါ့၊ ဒီအတိုင်းပစ်ထားတဲ့ ပစ္စည်းတွေက ဓာတ်ကြွင်းတွေရှိတယ်ဆိုပြီးတော့ တခြားနိုင်ငံတွေဆိုရင် ဝယ်တောင် မဝယ်ဘူး'လို့ ပြောပါတယ်။

ဓာတ်ကြွင်းဓာတ်ကျန်တွေ များနေတဲ့ မြန်မာပဲမျိုးတွေကို နိုင်ငံတကာကိုတင်ပို့တဲ့အခါမှာ အရည်အသွေးညံ့တဲ့ရလဒ်အနေနဲ့ မြန်မာနိုင်ငံက ပစ္စည်းတွေကို ပြန်ပို့ခံရတာတွေ ပြဿနာဖြစ်လာတယ်လို့ သိရပါတယ်။

စားသုံးသူကာကွယ်ရေး အစည်းအဝေးတက်ရောက်ဖူးသူကုန်သည်တစ်ဦးကလည်း 'ဦး စားသုံးသူ ကာကွယ်ရေးဆိုင်ရာအစည်းအဝေး တက်ရတယ်၊ အဲဒီတုန်းကလဲ ဒီဓာတ်ကြွင်းကိစ္စကို တော်တော်ပြောခဲ့ရတယ်၊ မြန်မာကတော့ အဲဒီစနစ် အားတော်တော်နည်းတယ်၊ ဂိုဒေါင်တွေကလဲ အလုံအခြုံလဲ မရှိကြဘူး၊ နိုင်ငံတကာ ဂိုဒေါင်တွေက တန် ၁၀၀ ဆံ့မယ်၊ တန် ၂၀၀ ဆံ့မယ် အစရှိသဖြင့် ထားကြပြီး ထည့်ပြီးတာနဲ့ လုံရင် အဖုံးအုပ်စရာမလိုဘူး၊ ဒီမှာက အဲဒီလို အလုံအခြုံတွေလဲ မရှိဘူးပေါ့၊ မရှိတော့ ခဏခဏအုပ်ရတော့ အရောင်တွေက မည်းလာတယ်၊ အဲဒီလိုတွေ ဖြစ်လာတယ်' လို့ ပြောပါတယ်။

> "အနိမ့်ဈေးနဲ့ ထိုးရနေရခြင်းမှာ ဓာတုဓာတ်ကြွင်း ပါဝင်တာအပြင် နည်းစနစ်တကျ သိုလှောင်ခြင်း မလုပ်တာတွေကြောင့် ဖြစ်တယ်"

သည်နှစ်ထဲမှာ ပဲမျိုးစုံ ဈေးကွက်ပျက်နေတာကြောင့် စိုက်ပျိုးသူရော သိုလှောင်သူပါ နည်းပါးနေတဲ့ ကာလတွေလည်း ဖြစ်နေပါတယ်။

နိုင်စာနည်မောင်

## ပခုက္ကူမှာ ကြက်သွန်ဖြူဈေး ကျဆင်း

ရန်ကုန်၊ ဩဂုတ် ၁၃– အခုအချိန်မှာ ကြက်သွန်ဖြူအသစ်ပေါ်ချိန်ဖြစ်နေပြီး တရုတ်ကလာတဲ့ ကြက်သွန်ဖြူဥကြီးတွေကို မြန်မာကြက်သွန်ဖြူတွေက ယှဉ်ပြိုင်မရောင်းနိုင်ဘဲ ဈေးနှုန်းလွန်စွာ နိမ့်ကျနေတယ်လို့ ကြက်သွန်ဖြူကုန်သည်တွေထံမှ သိရပါတယ်။

ကြက်သွန်ဖြူဈေးနှုန်းတွေကတော့ ၁၃ ရက်နေ့ ပခုက္ကူကုန်စည်ဒိုင်ဈေးနှုန်းအရ တစ်ပိဿာကို ကြက်သွန်ဖြူကြီးသစ် ၉၀၀/ ၁၀၀၀၊ ကြက်သွန်ဖြူလတ် သစ် ၅၀၀/ ၇၀၀၊ ကြက်သွန်ဖြူ သေးသစ် ၃၀၀/ ၄၀၀ ဈေးနှုန်းတွေ ရှိပါတယ်။

'တရုတ်ဥဖြူတွေကြောင့် ပြည်တွင်းကြက်သွန်ဖြူဈေးနှုန်း ကျနေတယ်၊ နိုင်ငံတွင်းက ပြည်တွင်းစားသုံးဖို့ လုံလောက်အောင် ထွက်တယ်၊ ဒါပေမဲ့ တရုတ်က ဥကြီးတွေကို သွင်းနေတော့ ဈေးကွက်က နိမ့်နေတယ်'လို့ ကြက်သွန်ဖြူကုန်သည်တစ်ဦးက ပြောပါတယ်။

ကြက်သွန်ဖြူကို ပြည်ပတင်ပို့မှုလည်း မရှိတဲ့အတွက် ပြည်တွင်းမှာပဲ ဈေးကွက်အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။

အစိုးရကို ကြက်သွန်ဖြူကုန်သည်တွေအနေနဲ့ မလိုအပ်တဲ့ ပြည်ပကဝင်ရောက်လာတဲ့ တရုတ်ကြက်သွန်ဖြူတွေကို ပိတ်ပေးဖို့ လိုလားနေတယ်လို့ ပခုက္ကူ ကြက်သွန်ဖြူကုန်သည်အချို့က ဆိုပါတယ်။

ကြက်သွန်ဖြူဈေးအလားအလာအနေနဲ့က 'ဈေးအလားအလာ မကောင်းနိုင်သေးပါဘူး၊ တရုတ်ဥဖြူတွေ ဝင်နေသရွေ့ကတော့ ဈေးအလားအလာမကောင်းနိုင်သေးဘူးလို့ ခန့်မှန်းပါတယ်'လို့ ကြက်သွန်ဖြူကုန်သည် ဦးတင်ကိုက ပြောပါတယ်။

နိုင်စာနည်မောင်




# မန်း ပဲ နှမ်းဈေးကွက် ကုလားပဲ ဈေးကောင်းရနေ

မန္တလေး၊ ဩဂုတ် ၁၅ – အခုရက်ပိုင်းအတွင်း မန္တလေးမြို့ ပဲ၊ နှမ်းဈေးကွက်မှာ ကုလားပဲက ဈေးကောင်းရနေပြီး အခြားပဲတွေနဲ့ နှမ်းဈေးကွက်ကတော့ ပုံမှန် အရောင်းအဝယ်ရှိနေတယ်လို့ မန္တလေးပွဲစား၊ ကုန်သည်၊ စက်ပိုင်များ ကထိန်တော်အသင်းက သိရပါတယ်။

'အခုလောလောဆယ် ကုလားပဲအုပ်စု ဈေးကောင်းတယ်၊ ကုလားပဲက အိတ်စပို့သွားလို့ ဈေးကောင်းပြီး အရောင်းအဝယ်သွက်တယ်၊ ပဲစင်းငုံကတော့ အဝယ်မရှိဘူး၊ အရောင်းအဝယ် အေးတယ်' လို့ မန္တလေးပွဲစား၊ ကုန်သည်၊ စက်ပိုင်များ ကထိန်တော်အသင်းက တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ အခုရက်ပိုင်းအတွင်း ကုလားပဲဈေးနှုန်းတွေက ထိုင်ဝမ် ကုလားပဲ တစ်အိတ်ကို ကျပ် ၈၂,၀၀၀၊ နိုင်းတူးနိုင်း ကုလားပဲ တစ်အိတ်ကို ကျပ် ၈၂,၀၀၀ နဲ့ ဗွီတူး ကုလားပဲတစ်အိတ်ကို ကျပ် ၈၀,၀၀၀ ရှိပါတယ်။ နှမ်းဈေးကွက်မှာလည်း စမုန်နှမ်းနက်၊ နှမ်းဖြူ၊ ဂျပန်နှမ်းဖြူနဲ့ နှမ်းအညိုတွေက တရုတ်လိုင်း ပုံမှန်အဝယ်ရှိနေတယ်လို့ သိရပါတယ်။ ယနေ့ရဲ့ နှမ်းဈေးနှုန်းတွေက ရိုးရိုး နှမ်းအနက် သုံးတင်း(၄၅ ပိဿာ)ဝင်တစ်အိတ်ကို ကျပ် ၁၂၀,၀၀၀၊ စမုန်နှမ်းနက်က ထိပ်စ နံ့ပါတ်ဝမ်း တစ်အိတ်ကို ကျပ် ၁၅၅,၀၀၀၊ နှမ်းဖြူထိပ်စတစ်အိတ်ကို ကျပ် ၁၅၀,၀၀၀၊ ဂျပန်နှမ်းဖြူထိပ်စတစ်အိတ်ကိုကျပ် ၁၆၀,၀၀၀ နဲ့ နှမ်းအညိုတစ်အိတ်ကို ကျပ် ၁၂၀,၀၀၀ ရှိတယ်လို့ သိရပါတယ်။



ရွှေဘာဖြူ

www.free4readers.com





ဈေးကွက်ကြီးထဲမှာ ပိုက်ဆံနည်းနည်းလေး သွားမချောနဲ့။ ချောလိုက်ရင် အဲသည်ပိုက်ဆံက ရှုံးတာပဲ၊ အလကားပေးလိုက်သလိုပဲ။

# ဈေးက အစိုးရမျှော်မှန်းထားတာထက် အများကြီးကြီးနေတော့ သူ့သဘောနဲ့သူ ရောင်းလိုအား ဝယ်လိုအားနဲ့ မျှသွားမယ့်အချိန်ကို စောင့်ရုံပဲရှိတယ်

## မိတ္တီလာ စီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ တင်ဝင်းနှင့် တွေ့ဆုံမေးမြန်းခြင်း

ရန်ကုန်၊ ဩဂုတ် ၁၅ - လက်ရှိ ပြည်တွင်းငွေကြေးလဲလှယ်နှုန်းတွေမှာ အမေရိကန်တစ်ဒေါ်လာကို ကျပ် ၁၅၀၀ ကျော်အထိ မြင့်တက်သွားခဲ့ပါတယ်။ သည်လို ဒေါ်လာဈေးတက်နေတာတွေဟာ တိုင်းပြည်စီးပွားရေးအတွက် ရေတိုရေရှည်မှာ သက်ရောက်နိုင်တဲ့ အတိုင်းအတာကြီး။ မြင့်တက်လာတဲ့ငွေကြေးလဲလှယ်နှုန်းက ပြည်သူတွေရဲ့နေ့စဉ်စားဝတ်နေရေး လုပ်ငန်းဆောင်တာတွေအပေါ် အကျိုးသက်ရောက်မှုအတိုင်းအတာ ဘယ်လောက်ရှိတယ်ဆိုတာနဲ့ဘယ်လောက်အထိ အရေးကြီးတယ်၊ ဘာတွေဖြစ်လာနိုင်တယ်ဆိုတာကို သိရှိနိုင်ဖို့အတွက် မိတ္တီလာစီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်ဝင်းကို ဆက်သွယ်မေးမြန်းထားတဲ့ အချက်တွေထဲက တချို့ကို ဖော်ပြလိုက်ပါတယ်။

**မော်ဒန်။ ။အမေရိကန်ဒေါ်လာဈေး ကျပ် ၁၅၀၀ အထိ မြင့်တက်သွားတဲ့အတွက် အခြေအနေတွေက ဘာတွေ ဆက်ဖြစ်လာနိုင်လဲ။**

**ဒေါက်တာတင်ဝင်း။** ။ အရင်တုန်းက ထိန်းချုပ်ထားတာကို ဖြေလျှော့လိုက်တာပေါ့။ ဖြေလျှော့ပေးလိုက်တဲ့အတွက်ကြောင့် အရင်တုန်းကကျတော့ အစိုးရက ထိန်းချုပ်ထားတဲ့ဈေးနှုန်းဖြစ်လို့ ဈေးကွက်က ပြဋ္ဌာန်းတဲ့ဈေးနှုန်း မဟုတ်ဘူးလေ။ အရင်တုန်းကကျ အစိုးရက သတ်မှတ်ထားတဲ့အတွက်ကြောင့်မို့ အစိုးရရဲ့ကန့်သတ်ထားတဲ့ဘောင်ထဲမှာရှိတဲ့ဈေးကွက်ရဲ့ဈေးနှုန်းပေါ့။ တိတိကျကျပြောရရင် အစိုးရကန့်သတ်ထားတဲ့ဘောင်ထဲမှာရှိတဲ့ ဈေးကွက်ရဲ့ဈေးနှုန်းပေါ့။

အခုက အပြင်ဈေးကွက်မှာရှိတဲ့ ဈေးနှုန်းပေါ့။ အဲသည်တော့ တကယ့်ဈေးကွက်မှာရှိတဲ့ ဝယ်လိုအား ရောင်းလိုအား တကယ့်ပကတိအတိုင်း ရှိနိုင်မယ့်ဈေးနှုန်းတွေကိုပေါ့။ အဲသည်တော့ တက်လာဦးမှာပဲလေ။

**မော်ဒန်။ ။ အခုလို တက်လာတဲ့ ဈေးနှုန်းက ဘယ်သူ့မှာ တာဝန်ရှိလဲ။**

**ဒေါက်တာတင်ဝင်း။** ။ အခုလို ဈေးနှုန်းတွေတက်တာ အမေရိကန်သမ္မတ ထရမ့်မှာ တာဝန်ရှိတယ်။ သူက ဒေါ်လာ မတက်တက်အောင် လုပ်နေတာကိုး။ ဒါကတော့ ပထမတရားခံပေါ့။ ဒုတိယတရားခံကတော့ ကိုယ့်နိုင်ငံရဲ့ အစိုးရပေါ့။ ဘာကြောင့်ဆိုရင် ကိုယ့်နိုင်ငံရဲ့ valance of payment ကို ပလပ်စ်ဖြစ်အောင်မှ မလုပ်နိုင်တာ။

ရှင်းရှင်းပြောမယ်ဆိုရင် ငါတို့က အိတ်စပို့နဲ့ အင်ပို့ကို အိတ်စပို့မှ မလုပ်နိုင်တာ။ အင်ပို့ကြီး လုပ်နေသမျှ ကာလပတ်လုံး၊ အင်ပို့ကြီး သွင်းနေပြီး အိတ်စပို့မလုပ်နိုင်တဲ့ နိုင်ငံကြီးမှာ ငွေကြေးမာတယ်ဆိုတာ ကမ္ဘာမှာ မရှိဘူး။ အဲသည်တော့ သဘောက ရှင်းပါတယ်။ ဘယ်သူနဲ့ဆိုင်လဲဆိုတော့ အစိုးရနဲ့ ဆိုင်တာပေါ့။ အစိုးရက တိုင်းပြည်စီးပွားဖွံ့ဖြိုးအောင် မလုပ်နိုင်ဘူး။ တစ်နည်းအားဖြင့်တော့ အစိုးရက အိတ်စပို့ရအောင် မလုပ်နိုင်ဘူးပေါ့။

အတိုးချုံးပြောရရင်တော့ အစိုးရက စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် မလုပ်နိုင်ဘူးပေါ့။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်ဆိုတာ GDP တစ်ခုတည်းကို ပြောတာ မဟုတ်ဘူးလေ။ Valance of payment ပါ ပါတာကိုး။

**မော်ဒန်။ ။ ဗဟိုဘဏ်က လက်ရှိဖြစ်နေတဲ့အခြေအနေတွေအပေါ်မှာ တစ်ရက်ကို အမေရိကန်ဒေါ်လာ တစ်သိန်းချပေးတဲ့အတွက် ကျသလိုရှိပေမဲ့ အခုပြန်တက်သွားတဲ့အပေါ် ဘယ်လိုမြင်လဲ။**

**ဒေါက်တာတင်ဝင်း။** ။ အဲဒါက အရမ်းအန္တရာယ်များတယ် တိုင်းပြည်အတွက်။ မလုပ်သင့်ဘူးပေါ့။ ဥပမာ ပုံမှန်လုပ်ထားတဲ့အခြေအနေမျိုးမှာ စည်းမျဉ်းစည်းကမ်း သတ်မှတ်ထားပြီးတဲ့အချိန်မျိုးမှာ ဗဟိုဘဏ်က ချောတယ်ဆိုတာ အတိုင်းအတာ တစ်ခုအထိ ထိန်းနိုင်တာပေါ့။ ပုံမှန် အခုကကျတော့ တစ်ချိန်တည်းမှာပဲ ဈေးကွက်ကိုလည်း open လုပ်ပေးလိုက်တယ်။ တစ်ချိန်တည်းမှာလည်း အစိုးရက ငွေတွေ ချောတယ်။

ဟုတ်တယ် အမေရိကန်အစိုးရလိုမျိုးက ဒေါ်လာထုတ်ပြီး ချောတယ်ဆိုတာ သဘာဝကျတယ်။ သူ့ပိုက်ဆံလေ သူကြိုက်သလောက် ထုတ်လို့ရတယ်လေ။ အင်အားလည်းကြီးတော့ ဈေးကွက်ရဲ့ ဆိုက်ကို ထိန်းနိုင်တယ်လေ။ သူ ချောထားတဲ့ပိုက်ဆံကပေါ့။ သဘောက ဈေးကွက်ရဲ့ဆိုက်ကို တွက်ရတယ်။ ပိုက်ဆံ ချောတော့မယ်ဆိုရင်ပေါ့။

ဈေးကွက်ရဲ့ဆိုက်ဆိုတာ ဘာလဲဆိုတော့ ဒေါ်လာမားကက်ရဲ့ဆိုက်ဆိုရင် ဒေါ်လာရောင်းလိုအား ဝယ်လိုအားကို ကြည့်ရတယ်။ ဥပမာ ပြည်တွင်းမှာရှိတဲ့ ဒေါ်လာရောင်းလိုအားနဲ့ ဝယ်လိုအားကို ဆိုကြပါစို့။ ၁၀၀ ဘီလျံရှိတယ်ဆိုကြပါစို့။ ဒါကို သိန်း ၁၀၀ သွားထည့်လိုက်တယ်ဆိုရင် ဈေးကွက်က လှုပ်မလား။ ဘယ်လှုပ်မလဲ။

အခု မြန်မာပြည်မှာရှိတဲ့ မြေဈေးကစားနေတဲ့သူလိုပေါ့။ သည်ဆက်တာတစ်ခုလေးကို ကစားချင်တယ်။ ဥပမာ မန္တလေးမြို့က မြေကို ဆွဲတင်ချင်တယ်ဆိုသည် စုစုပေါင်းတန်ဖိုးဈေးကွက်ကို အကြမ်းဖျင်း တွက်လိုက်၊ အဲသည်ဆိုက်ရဲ့ ဘယ်လောက်ရာခိုင်နှုန်းထည့်မှ ဈေးကွက်က လှုပ်မလဲ။ ၁၀၀ ဘီလျံလောက်ရှိတဲ့ ဈေးကွက်ကို လှုပ်စေချင်တယ်ဆိုရင် အနည်းဆုံးတော့ ၁၀ ရာခိုင်နှုန်းကနေ ၂၀ ရာခိုင်နှုန်း ထည့်ရမယ်။ ၃၀၊ ၄၀ ရာခိုင်နှုန်းလောက် ထည့်လိုက်မှ သည်ဈေးကွက်က သွက်သွက်ခါခါလှုပ်သွားမှာ။ ဒါက အရပ်စကားနဲ့ပြောတာ။ ဈေးကွက်ရဲ့တုံ့ပြန်မှု။ ဈေးကွက်က ပင်လယ်ရေထဲကို ရေချို တစ်ပေါက်သွားထည့်လိုက်လို့ ဘာဖြစ်သွားမှာလဲ။ နောက်ဆုံး ရေချိုလေး ရှုံးမှာပဲ၊ သည်သဘောပဲ။

မြန်မာနိုင်ငံမှာရှိနေတဲ့ ဒေါ်လာဈေးကွက်ကကြီး သူတို့ဒေါ်လာ တစ်သိန်းလောက်ချောရုံနဲ့ လှုပ်မလားဆိုတော့ မလှုပ်ဘူးလေ။

ဈေးကွက်ကြီးထဲမှာ ပိုက်ဆံနည်းနည်းလေး သွားမချောနဲ့။ ချောလိုက်ရင် အဲသည်ပိုက်ဆံက ရှုံးတာပဲ၊ အလကား ပေးလိုက်သလိုပဲ။ ဈေးကွက်ရဲ့ပမာဏကို တွက်လိုက်တယ်။ အာဆီယံရဲ့ဓလေ့ ရှယ်ယာမားကက်ကို ပေါင်းစားချင်ရင် စုစုပေါင်းတန်ဖိုး ၁၀၀ ဘီလျံရှိတယ်။ ဒါရဲ့ ၁၀ ဘီလျံထည့်လိုက်ရင် ဈေးကွက်က လှုပ်သွားမယ်၊ ပြန်တုံ့ပြန်မယ်ပေါ့။ ငွေချောထည့်လိုက်တယ်၊ ဈေးလျှော့ရောင်းလိုက်တယ်၊ ဈေးကွက်က တုံ့ပြန်လာတယ်။ ရှယ်ယာဈေးတွေ ကျပြီဆိုပြီတော့ အကုန်ထုတ်ရောင်းတယ်။ အကုန်ထုတ်ရောင်းတော့ ထိုးကျတယ်။ ထိုးကျတဲ့အချိန် ပြန်ကောက်ဝယ်လိုက်တယ်။ ဈေးကွက်

စာမျက်နှာ ၂၄ သို့

www.free4readers.com







စာမျက်နှာ ၂၃ မှအဆက်

ထဲမှာ ရောင်းစရာမရှိဘူး။ ဈေးက ပြန်တက်လာတယ်။

သဘောက ဈေးကွက်ရဲ့ဆိုက်ကိုကြည့်ပြီးတော့ တုံ့ပြန်မှုကို ရနိုင်တယ်။ ပမာဏကို များထည့်ရင်တော့ အခုလုပ်တာက မှန်တာပေါ့။ ဈေးကွက်ကို ထိန်းထားနိုင်တော့ သဘောက ဈေးကွက်ထဲကို ဒေါ်လာတွေကို ထည့်။ ဒါပေမဲ့ ကိုယ်ထည့်တဲ့ပိုက်ဆံပမာဏက သိပ်နည်းနေပြီးတော့ ဈေးကွက်က ကြီးနေတယ်ဆိုရင် ဈေးကွက် လုံးဝ မတုံ့ပြန်တော့ဘူး။ အဲသည်တော့ ကိုယ်ထည့်လိုက်တဲ့ပိုက်ဆံက ဘာဖြစ်လဲ၊ ပလုံသွားရော။ သေချာတာတော့ မြန်မာပြည်မှာ ငါတို့အစိုးရက သူ့မှာရှိတဲ့ အရန် ရန်ပုံငွေတွေအကုန်လုံးထုတ်ပြီးထိန်းတောင် ထိန်းလို့မရဘူး။

ဘာလို့ဆို သူ့မှာ ဘယ်လောက်ဘီလျံမှ မရှိဘူးလေ။ ခုနစ် ဘီလျံလောက်လားပဲရှိတာ။ အဲဒါအကုန်ချရောင်းတောင် ဘာမှမဖြစ်ဘူး သည်ဈေးကွက်က။ အဲသည်အခါကျ သဘောက ဈေးကွက်ရဲ့တုံ့ပြန်မှုမရှိမယ့်အတူတူ အစိုးရက သူ့မှာရှိနေတဲ့အရန် ရန်ပုံငွေကို လက်ထဲမှာထားတာက တစ်ခုခုဖြစ်ရင် သူ့အတွက် စိတ်ချရတာပေါ့။

အဲသည်လိုမဟုတ်ဘဲ ကိုယ့်လက်ထဲမှာရှိတဲ့ရန်ပုံငွေကို မျှောထည့်လိုက်တယ်ဆိုရင် ဈေးကွက်က ဘာမှမတုံ့ပြန်လာဘူး။ မတုံ့ပြန်တဲ့အပြင် ဘာခေါ်မလဲ ဈေးတောင်မှ ပြန်တက်သွားသေးတယ်လေ။

ဈေးက ဘာလို့ပြန်တက်သွားလဲ ရှင်းနေတာပဲလေ။ ဈေးက သူမျှော်မှန်းထားတာထက် အများကြီး ကြီးနေတာလေ။ အစိုးရ မျှော်မှန်းထားတာထက် အများကြီးကြီးနေတော့ ဈေးကွက်က သူ့သဘောနဲ့သူ၊ သူ့ဝယ်လိုအားနဲ့သူ၊ သူ့ရောင်းလိုအားနဲ့သူ သွားနေတာ။ အခုအချိန်မှာ ပိုတောင် ဆိုးသေးတယ်။ လူတွေက ဘာဖြစ်နေလဲဆိုတော့ စိုးရိမ်တာနဲ့ ပေါင်းလိုက်ပြီးတော့မှ လိုရ မည်ရဆိုပြီးတော့ အကုန်လုံးက ဝယ်ကိုင်တော့မှာလေ။

အဲသည်တော့ အခုအချိန် ငါ့အမြင်ကတော့ အစိုးရက ဘာမှမလုပ်ပေးဘဲ လွှတ်ထားပေးလိုက်ပြီးတော့ ဈေးကွက် supply & demand ပေါ့။ ရောင်းလိုအားနဲ့ ဝယ်လိုအား မျှသွားမယ့်အချိန်ကို စောင့်ရုံပဲရှိတယ်။

ဘာလို့ဆို ငါတို့မြန်မာပြည်မှာက သည်ဒေါ်လာဈေးကွက်ကို ဝင်ပြီး ထိန်းညှိရလောက်အောင် ငါတို့အစိုးရမှာ ပိုက်ဆံမရှိဘူး။ ဟောင်ကောင်လို ပိုက်ဆံရှိတယ်ဆိုရင်တော့ ဟောင်ကောင်ကတော့ ငါတို့ဘာလို့ခေါ်လဲဆိုတော့ လွတ်လွတ်လပ်လပ် ရောင်းဝယ်ခွင့်ပေးထားတယ်။ ဥပမာ အခု ၁၅၀၀ ကနေ ၁၈၀၀ ကြားဆိုရင် အစိုးရက ဘာမှမလုပ်ဘူး။ အဲသည် ၁၈၀၀ ကို ကျော်သွားရင် အစိုးရက သူ့မှာရှိတဲ့ ပိုက်ဆံ ချရောင်းပေးတယ်။ ၁၅၀၀ အောက်ကို ကျသွားရင် အစိုးရက ဈေးကွက်ထဲဆင်းပြီးတော့ကို ပြန်လိုက်ဝယ်တယ်။ ဆိုတော့ အဲဒါက ကိုယ့်ဆီမှာ အရန်ရန်ပုံငွေ များများရှိရင်တော့ အဲသည် မတ်သတ်က အရမ်းအောင်မြင်တယ်။

ငွေကြေးလဲလှယ်နှုန်းကို တည်ငြိမ်အောင် ထိန်းထားလို့ရတာပေါ့။ ဒါပေမဲ့ မြန်မာပြည်မှာက အဲသည်လိုကြီး ထိန်းရအောင် ပိုက်ဆံမှမရှိတာ။ ပိုက်ဆံမရှိတဲ့အခါကျတော့ အခုလိုလည်း open လုပ်ပေးလိုက်ပြီဆိုတဲ့အခါကျတော့ အစိုးရက ဘာမှလိုက်ပြီး ထိန်းဖို့ကြိုးစားမနေနဲ့တော့။

ဈေးကွက်က သူ့ဟာသူ ရောင်းလိုအားနဲ့ဝယ်လိုအား ထိန်းညှိသွားလိမ့်မယ်။ အဲသည်ထိန်းညှိတဲ့ကာလက နှစ်နှစ်ကြာရင်လည်းကြာလိမ့်မယ်။ အဲသည် နှစ်နှစ်ကြာတဲ့အတောအတွင်းမှာ အစိုးရ ဘာလုပ်ရမလဲဆိုရင် သူ့ရဲ့ fiscal ပေါ်လစီပေါ့။ သူ့ရဲ့အသုံးစရိတ်နဲ့ဝင်ငွေနဲ့ကို မျှအောင် လုပ်မယ်။ ပြီးရင် import and export ထဲကနေ အသားတင် ဝင်ငွေရအောင် လုပ်ထားမယ်ဆိုရင် ကာလတိုအတွင်းမှာ မားကက်ကို ထိန်းသွားနိုင်မှာပေါ့။ မဟုတ်ဘူးဆိုရင် လေးငါးခြောက်နှစ်လောက်နေမှ ထိန်းနိုင်မှာပေါ့။ ကာလတိုအတွင်းမှာ ထိန်းနိုင်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး။

**မော်ဒန်။ ။ ဒေါ်လာသန်း ၃၀၀ ကနေ ၄၀၀ ကြားကို ပုဂ္ဂလိကဘဏ်တွေကို အတိုးနဲ့ ထုတ်ချေးမယ်ဆိုရင် ဘယ်လိုဖြစ်နိုင်မလဲ။**

**ဒေါက်တာတင်ဝင်း။** ။ ထုတ်ချေးတယ်ဆိုတာက ကောင်းပါတယ်။ အစိုးရက ရောင်းမပေးနဲ့။ ရောင်းပေးလို့ရှိရင် သူတို့ခရိုနီအချင်းချင်း အမြတ်ရအောင် လက်သိပ်ထိုးပေးလိုက်တာ။ စဉ်းစားကြည့်လေ အစိုးရက ၁၄၀၀ နဲ့ရောင်းရင် သူက ၁၄၅၀ နဲ့ ရောင်းမယ်။ အလိုလိုနေရင်း သူက ၅၀ မြတ်သွားပြီ၊ ဘာမှမလုပ်ဘဲနဲ့။ အဲဒါထက်စာရင် ထုတ်ချေးပေးလိုက်၊ ပြီးရင် ဒေါ်လာနဲ့ပြန်ဆပ်ခိုင်းလိုက်လေ။ အဲဒါဆိုရင်တော့ ရှင်းတယ်လေ။ အဲဒါဆိုရင်တော့ ဈေးကွက်ကို ထိန်းညှိတဲ့သဘောပဲလေ။ ကျန်တဲ့ ရှုံးတာ မြတ်တာကိုတော့ ဘဏ်က စီးပွားရေးလုပ်ငန်းပဲ၊ ရှုံးရင်လည်းခံ မြတ်ရင်လည်း စားပေါ့။

**မော်ဒန်။ ။ ဗဟိုဘဏ်က သတ်မှတ်ထားတဲ့ ရည်ညွှန်းငွေလဲနှုန်းသတ်မှတ်ချက်ကို သည်လ ၁၃ ရက်က ပယ်ဖျက်လိုက်ကြောင်း ထုတ်ပြန်တာနဲ့ပတ်သက်ပြီး ဘာတွေ ဆက်ဖြစ်နိုင်သလဲ။**

**ဒေါက်တာတင်ဝင်း။** ။ အခုပြောခဲ့တာတွေကလည်း အဲသည်အကြောင်းတွေပဲ။ သူက အရင်တုန်းက ရည်ညွှန်းကိန်းဆိုတာက သူက အတိုင်းအတာတစ်ခုအထိ ထိန်းထားတယ်။ ပွိုင့် ၈ လားမသိဘူး။ ပွိုင့် ၈ ထက် ပိုမရောင်းရ၊ ပိုမထားရဆိုတာ ထိန်းထားတယ်။ အခု ဖျက်ပေးလိုက်တယ်။ ဖျက်ပေးလိုက်တဲ့အတွက် ကိုယ်ကြိုက်သလောက် လွတ်လွတ်လပ်လပ် ကြိုက်တဲ့ ဈေးနဲ့ဝယ်တဲ့လူက ဥပမာ အခု ၁၅၀၀ ဈေးပေါက်တယ်။ ငါက ၁၇၀၀ ပေးမယ်ဆိုရင် အဲသည်ဈေးနဲ့ ရောင်းလို့ရတယ်။ အရင်တုန်းက ၁၅၀၀ ပေါက်ရင် ၁၇၀၀ ပေးဝယ်လို့ မရဘူး။

**မော်ဒန်။ ။ တရုတ်နဲ့အမေရိကန်စီးပွားရေးစစ်ပွဲမှာ တရုတ် ယွမ်ငွေကို မထိန်းချုပ်နိုင်လို့ အထိနာနိုင်တယ်။ တရုတ်အထိနာရင် တရုတ်စီးပွားရေးကို မှီခိုနေတဲ့မြန်မာနိုင်ငံက အထိနာနိုင်တယ်လို့ ဝေဖန်မှုအပေါ် ဘယ်လိုမြင်ပါသလဲ။**

**ဒေါက်တာတင်ဝင်း။** ။ ဝေဖန်သူကတော့ အမျိုးမျိုးရှိတာကိုး။ ဒါပေမဲ့ အမေရိကန်ကြီးကတော့ ကမ္ဘာပေါ်မှာ အကြီးဆုံးကိုး။ ဒါပေမဲ့လို့ စဉ်းစားကြည့်ရမှာက ငါတို့အမြင်တော့ ခြောက်လ နဲ့ တစ်နှစ်လောက်အတွင်းမှာတော့ တရုတ်က အထိနာနိုင်တာပေါ့။ ဒါတောင်မှ အထိနာနိုင်တယ်ဆိုတာတောင် ငါ့အမြင်တော့ ရုပ်ပျက်ဆင်းပျက်ကြီး ရှုံးသွားမယ်လို့ မမြင်ဘူး။ အခု တရုတ်က သွားနေတဲ့ခံစစ်ပေါ့၊ သူ့ခံစစ်က long term ။ အမေရိကန်က short term ခံစစ်။ Short term မှာတစ်ခါတည်း ပြတ်ပြတ်သားသားနိုင်ရင်နိုင် မနိုင်ရင် long term မှာ သူရှုံးမှာပဲ။ တစ်နှစ်ကျော်တာနဲ့ သူရှုံးမှာပဲ။ တစ်နှစ် သို့မဟုတ် ငါထင်ပါတယ်၊ ခြောက်လလောက်အတွင်းမှာ ရှုံးမယ်ထင်တာပဲ။ ခြောက်လ မကျော်ဘူး။ ဘာလို့ဆိုတော့ သူက ဒီမိုကရေစီစနစ်လေ။ သူတကယ်လို့ ခြောက်လလောက်အတွင်းမှာ တရုတ်က ဦးမညွှတ်လာဘူးဆိုရင် သူဘာလုပ်မလဲ။ သူ့နိုင်ငံမှာ ဆန္ဒပြကြမှာပေါ့။

ခုလည်း အဲသည်မှာ စက်ရုံ အလုပ်ရုံတွေ စပိတ်နေရပြီလေ။ အဲသည်တော့ စပိတ်နေရပြီဆိုတဲ့ အခါကျတော့ ဆက်သွားရင် နောက်ထပ်စက်ရုံအလုပ်ရုံတွေ ထပ်ပိတ်ရတယ်။ နောက်ထပ် ဒုက္ခအများကြီးရောက်မယ်။ အဲသည်အချိန်ကျရင် တရုတ်ကလည်း ဒုက္ခရောက်မယ်။ သူ့ထက်ပိုဒုက္ခရောက်မယ်။ Short term မှာ။ ဒါပေမဲ့ သူက တစ်ပါတီစနစ်လေ၊ ဘယ်သူက ဆန္ဒပြရဲမှာလဲ။ ဘယ်သူမှမပြရဲဘူး။ ပြတဲ့ကောင် ထောင်ထဲ ဖမ်းထည့်မှာပဲ။ အဲသည်တော့ သူက ခြောက်လ တင်းခံနိုင်တယ်။ တစ်နှစ်လည်း တင်းခံနိုင်တယ်။ နှစ်နှစ်လည်း တင်းခံနိုင်တယ်။

အမေရိကန်ကကျတော့ ရွေးကောက်ပွဲရှိတဲ့အတွက်ကြောင့် ခြောက်လဆိုတာ အများဆုံးပဲ။ ခြောက်လလောက်ပဲ သူ တင်းခံနိုင်မယ်။ တစ်နှစ်သာ သူ့စီးပွားရေးက အဲသည်လိုဖြစ်ပြီ၊ စက်ရုံတွေ ပြုတ်ပြီဆိုရင် သေချာတယ်၊ အဲသည်သမ္မတက ပြုတ်မှာပဲလေ။ ဒါက နိုင်ငံရေးဘက်က ကြည့်ရင်ပေါ့။ တစ်ခါ ငွေရေးကြေးရေးဘက်က ကြည့်ရင် မှန်တယ် သူပြောတဲ့ဟာက။ သူကလည်း အဲဒါကိုတွက်ပြီးချတာ ထရမ့်က။ ဒါပေမဲ့ စဉ်းစားရမှာက အမေရိကန်က လူမုန်းများလာပြီ။ နောက်အမေရိကန်က လူမုန်းများလာပြီးတော့ အရေးယူတဲ့ကောင်က များလာပြီ။

အဲသည်တော့ ကမ္ဘာ့ဈေးကွက်မှာ သူရဲ့ဈေးကွက်က တဖြည်းဖြည်းသေးလာပြီ။ အခုဆို အီရန်၊ ပြီးတော့ တူရကီ၊ ပြီးတော့ မြောက်ကိုရီးယား၊ ပြီးရင် ဆီးရီးယား၊ ပြီးရင် လာဦးမယ် အာဖရိကမှာရှိတဲ့နိုင်ငံတွေရှိသေးတယ်။ သူရင်းနှီးထားတဲ့နိုင်ငံတွေ အများကြီးရှိတယ်။ အဲသည်တော့ အဲသည်အချိန်မှာ အဲသည်နိုင်ငံတွေအားလုံးက တရုတ်က ရောင်းဝယ်ဖောက်ကားနေကြတာလေ၊ ဟုတ်တယ် မဟုတ်လား။ အဲသည်အတွက် အမေရိကန်ရဲ့ဈေးကွက်ကို တရုတ်က မရဘူးဆိုရင် တရုတ်က တခြားဈေးကွက်တွေကို လှည့်သွားလို့ရတယ်။ အစားထိုးလို့ ရတယ်။ ဒါပေမဲ့လို့ ၁၀၀ ရာခိုင်နှုန်း အစားထိုးနိုင်မှာတော့ မဟုတ်ဘူး။

ဒါကြောင့်မို့လို့ ကာလတိုအတွင်းမှာတော့ တရုတ်က အထိနာမယ် အမေရိကန်ထက်ပိုပြီးတော့။ ဘာကြောင့်လဲဆိုတော့ အမေရိကန်က သူ့ဆီကိုအိတ်စပို့လုပ်တာက သူ အိတ်စပို့လုပ်တာရဲ့ လေးပုံ တစ်ပုံပဲရှိတာကိုး။ ဒါက တရားဝင်ဖော်ပြတဲ့ ကိန်းဂဏန်းအရပြောတာနော်။ ဒါပေမဲ့ အဲသည်တွက်ချက်မှုက မှားနေတယ်။ အဲသည်တွက်ချက်မှုအပေါ်မှာ မူတည်ပြီးတော့ တရုတ်ကို ချတယ်။

ဒါပေမဲ့ တရုတ်ရဲ့တွက်ချက်မှုက လေးပုံ တစ်ပုံမဟုတ်ဘူး။ အမေရိကန်က

စာမျက်နှာ ၂၅ သို့

www.free4readers.com





ယခုနှစ် တောင်ပြုန်းပွဲတော်မှာ ပွဲမစသေးပေမဲ့ လာရောက်သူများပြားတာကြောင့် ဈေးသည်တွေ အဆင်ပြေကြတယ်။

# တောင်ပြုန်းပွဲကြီး ပွဲမစခင်ကတည်းက စည်ကားနေပြီ



မန္တလေး၊ ဩဂုတ် ၁၅ – နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ တောင်ပြုန်းပွဲတော်ကို မနှစ်က ကျင်းပခွင့် မရခဲ့တာကြောင့် သည်နှစ်မှာတော့ပွဲတော် မစခင်ကတည်းက စည်ကားနေပါတယ်။

### ဈေးသည်တွေအလုပ်ဖြစ်

ယခုနှစ် တောင်ပြုန်းပွဲတော်မှာ ပွဲမစသေးပေမဲ့ လာရောက်သူများပြားတာကြောင့် ဈေးသည်တွေအဆင်ပြေကြတယ်လို့ သိရပါတယ်။ သည်နှစ်အရောင်းအဝယ် အခြေအနေက မနှစ်က ပွဲပျက်ခဲ့တဲ့အတိုင်းအတာအရ ရောင်းအားတက်နေကြပါတယ်။

အရင်နှစ် ၂၀၁၇ ခုနှစ်က H1N1 ကူးစက်ရောဂါကြောင့် တောင်ပြုန်းပွဲတော် ပိတ်လိုက်ရတဲ့အခြေအနေရှိခဲ့လို့ ဈေးသည်တွေ အခက်အအခဲတွေနဲ့ ကြုံတွေ့ခဲ့ရပါတယ်။

'ကျွန်မတို့ဆို အရင်နှစ်က ဆိုင်ခန်းခသွင်းထားတာတွေ ပြန်မရဘူး၊ ဈေးလဲ မရောင်းရတော့ တော်တော် အခက်အခဲတွေ့ရတယ်၊ ဒီနှစ်အတွက် ငွေပြန်ရှာပြီး ဆိုင်ခန်းခ သွင်းရတယ်၊ တော်သေးတယ်၊ ဒီနှစ်မှာ မနှစ်က ပွဲပျက်ခဲ့လို့ လူတွေက စောပြီးလာကြလို့ ဈေးရောင်းကောင်းတယ်၊ ပွဲချိန်မှာ ပိုပြီးရောင်းရမယ်လို့ မျှော်လင့်ပါတယ်'လို့ တောင်ပြုန်း မင်းနှစ်ပါးနန်းရှေ့မှာ ဆိုင်ခန်းယူဖွင့်လှစ်ထားတဲ့ ပန်းသည် ဒေါ်စန်းတင့်က ပြောပါတယ်။

> “ဒီနှစ်မှာမနှစ်က ပွဲပျက်ခဲ့လို့ လူတွေက စောပြီးလာကြလို့ ဈေးရောင်းကောင်းတယ်၊ ပွဲချိန်မှာ ပိုပြီးရောင်းရမယ်လို့ မျှော်လင့်ပါတယ်”

တောင်ပြုန်းပွဲတော်က ဩဂုတ်လ ၂၂ ရက်နေ့(ချိုးရေတော်သုံးနေ့)က ပွဲကြီးစတင်တာဖြစ်ပြီး ၂၆ ရက်နေ့မှာ ပြီးဆုံးတာ ဖြစ်ပါတယ်။ ဈေးသည်အများစုကတော့ ဩဂုတ်လ ၄ရက်၊ ၅ရက်ခန့်မှစကာ သွားရောက်ရောင်းချကြတယ်လို့ ဆိုပါတယ်။

'ကျွန်တော်တို့အနေနဲ့လဲ လူတစ်ချိန်ကို ကြောက်တယ်၊ လူတစ်တော့ လူတွေက တိုးနေရတာနဲ့ ဈေးမဝယ်နိုင်ကြတော့ဘူး၊ အခုရက်တွေက ပိုရောင်းလို့ကောင်းတယ်၊ လူများပေမဲ့ အရမ်းကြီး မတိုးရတော့ ဝယ်နိုင်ကြတယ်၊ ပွဲစချိန်ကျတော့ ရောင်းကြေးက ရပေမဲ့ အရမ်းတစ်လွန်းတယ်ပေါ့' လို့ ဈေးသည်ကော်ဦးကလည်း ဆိုပါတယ်။

ဈေးသည်တွေအတွက်က လူကြိတ်ကြိတ်တိုးနေခြင်းထက် အခုလိုစည်ကားမှုမျိုးကို ပိုသဘောကျနေကြပါတယ်။ ရောက်လာသူတွေက လှည့်လည်ကြည့်ရှုရင်း ဈေးဝယ်ချိန်ရလို့ မနှစ်ကဆိုသည်လိုအချိန်မှာ ကျပ် ၇၀,၀၀၀၊ ၈၀,၀၀၀ လောက်အထိပဲ ရောင်းရပေမဲ့ ဒီနှစ်ဆို တစ်သိန်းခွဲ၊ နှစ်သိန်းလောက်အထိ ရောင်းရတယ်။

### ဘာကြောင့်စော

လာရောက်တဲ့ ဧည့်သည်တွေအနေနဲ့လည်း ပွဲစချိန်မှာဆိုရင် လူတစ်(လူများပြီး လူတိုးခံရမှာ)ကြောက်ကြတာကြောင့် ပွဲမစခင် ရက်တွေကတည်းက တဖွဲဖွဲ လာရောက်ကြတဲ့အတွက် စည်ကားခဲ့တာဖြစ်တယ်လို့ သိရတယ်။

'လူတွေက ပွဲတစ်မှာကြောက်တယ်၊ မနှစ်က မဖြစ်တော့ လူတွေက ပွဲတစ်မှာကြောက်တော့ ရှေ့တိုးလာကြတော့ ပိုစည်လာတယ်' လို့ လွန်ခဲ့တဲ့ အနှစ် ၂၀ခန့်ကတည်းက တောင်ပြုန်းပွဲမှာ ရောင်းချလာတဲ့ မတ္တရာမြို့ ရွှေပဒေသာပဝါဆိုင်က ဦးသူရစိုးက ပြောပါတယ်။

အခုနှစ်မှာတော့ တောင်ပြုန်းပွဲကို အနယ်နယ်အရပ်ရပ်က ဧည့်သည်တွေဟာ ပွဲမစခင်ရက်ပိုင်းတွေကတည်းက စောစောလာရောက်ကြပါတယ်။

မနှစ်ကဆို သည်ရက်ပိုင်းတွေ လူအများအပြား လာရောက်ခြင်းမရှိသေးပေမဲ့ သည်နှစ်မှာတော့ ဝါခေါင်လဆန်းကတည်းက စစည်တာပါ။

ဝါခေါင်လပြည့်ကျော် ၇ ရက်၊ ၈ ရက်မှာ တစ်ချက်စည်တယ်။ နောက်တစ်ခါ ၁၁၊ ၁၂၊ ၁၃ ရက်တွေမှာ တစ်ခါစည်ပါတယ်။ စနေ၊ တနင်္ဂနွေမှာ ပိုစည်ကားခဲ့ပါတယ်။

'အခုတောင်ပြုန်းပွဲမှာတော့ ဖြစ်စေချင်တာက လမ်းတွေက ပိတ်တာများတယ်၊ ခဏခဏ ဖြစ်တယ်၊ ဖြစ်နိုင်ရင် လမ်းချဲ့ပေး၊ လမ်းမချဲ့ပေးနိုင်ရင်လဲ နောက်အစားတစ်လမ်း၊ တောင်ပြုန်းကနေ ကန်ပိုင်ဘက်ကို ဖြတ်လမ်းတွေရှိတယ်၊ အိုးဘိုထိအောင်၊ အခုရှိတဲ့ နှစ်လမ်းကို အဝင်လမ်းလုပ်လိုက်၊ ဟိုဘက်ကို အထွက်လမ်းလုပ်ပြီးရင် လမ်းမပိတ်တော့ဘူး။



> “အခုနှစ်မှာတော့ တောင်ပြုန်းပွဲကို အနယ်နယ်အရပ်ရပ်က ဧည့်သည်တွေဟာ ပွဲမစခင်ရက် ပိုင်းတွေကတည်းက စောစောလာ ရောက်ကြပါတယ်။”

### ဆိုင်ခန်းခ လျှော့

တောင်ပြုန်းပွဲတော်က ဆိုင်ခန်းခဈေးနှုန်းတွေကို အခုနှစ်မှာ တစ်ဆိုင်ကို ကျပ် ၁၀,၀၀၀ နှုန်းစီခန့် လျှော့ချပေးခဲ့တယ်လို့ ဂေါပကအဖွဲ့က သိရပါတယ်။ ယခုနှစ်အတွက် တောင်ပြုန်းပွဲတော်မှာ ဆိုင်ခန်းပေါင်း ၉၀၀ ကျော်ခန့်ရှိပြီး ဆိုင်ခန်းတစ်ခန်းကို အနည်းဆုံး ကျပ် ၇၀,၀၀၀ ကနေ ကျပ် ၁၀၀,၀၀၀၊ ၁၅၀,၀၀၀၊ ၁၈၀,၀၀၀ နဲ့ ကျပ် ၂၀၀,၀၀၀ အထိ ဈေးနှုန်းအသီးသီး ရှိတယ်လို့ ဆိုပါတယ်။

'ဘုရားစောင်းတန်းက ဆိုင်ခန်းတွေက အဆောက်အအုံနဲ့ သေသေချာချာ လုပ်ပေးထားလို့ ကျပ် နှစ်သိန်းအထိ ရှိတယ်။ ကျန်တဲ့ ဆိုင်ခန်းတွေကတော့ သူ့အကျယ်အဝန်း နေရာအလိုက် ဈေးနှုန်းကွဲသွားတယ်'လို့ ဂေါပကအဖွဲ့က တာဝန်ရှိသူတစ်ဦးက ရှင်းပြပါတယ်။ အဆိုပါဆိုင်ခန်းတွေကို ဂေါပကအဖွဲ့ကနေရာချပေးထားတာဖြစ်တယ်လို့ သိရတယ်။

'ဒါပေမဲ့ ဒီနှစ်မှာတော့ မနှစ်က ပွဲပျက်ခဲ့တဲ့ အခက်အခဲတွေကြောင့် ဆိုင်ခန်းတစ်ခန်းစီကို ၁၀,၀၀၀ နှုန်း ပြန်လျှော့ပေးခဲ့ပါတယ်၊ ဆိုင်ခန်းတွေ အားလုံးလဲ လူပြည့်နေပြီ' လို့ အထက်ပါ တာဝန်ရှိသူကပဲ ထပ်ပြောပါတယ်။

ယခုနှစ်မှာတော့ ဆိုင်ခန်းအပြင်အဆင်တွေကို တိုးချဲ့ပြင်ဆင်ပေးထားတယ်လို့ဆိုပြီး မီးတွေလည်း တပ်ဆင်ပေးထားကာ သုံးရေကိုလည်း အဆင်ပြေအောင် ပြုလုပ်ပေးထားတယ်လို့ ဈေးသည်အချို့ထံက သိရပါတယ်။

တောင်ပြုန်းပွဲတော်မှာတော့ ပန်းဆိုင်၊ အုန်းငှက်ပျောဆိုင်၊ ကရေကရာမုန့်ဆိုင်၊ ပဝါဆိုင်၊ သံပစ္စည်းအမျိုးမျိုးဆိုင်၊ သနပ်ခါးဆိုင်၊ အရုပ်ဆိုင်၊ အကျီဆိုင်၊ စားသောက်ဆိုင်စတဲ့ ဆိုင်ခန်းတွေနဲ့ ခေါင်းရွက်ဈေးသည်အမျိုးမျိုးကလည်း အပြိုင်အဆိုင် ရောင်းချလျက်ရှိပါတယ်။

ဆွေဖြူ

www.free4readers.com



# ထိုင်းမှာ ဘုန်းတော်ကြီးတွေ အဝလွန်မှု သတိထားရမယ့်အဆင့် ရောက်လာနေ



ဘုန်းတော်ကြီး ၁၀ ဦးမှာ တစ်ဦးက ဆီးချိုရှိနေကြောင်း လေ့လာမှုမှာ တွေ့ရပါတယ်။

**ဩဂုတ် ၁၄** – ထိုင်းနိုင်ငံရဲ့ ဘုန်းတော်ကြီးတွေ ဝဖြိုးလာမှုဟာ အလွန်မြင့်တက်လာတဲ့အတွက် အစိုးရက တစ်နိုင်ငံလုံးမှာ အသိပေးချက်ထုတ်ပြန်ခဲ့ရတယ်လို့ဆိုပါတယ်။

ဇွန်လတုန်းက ထိုင်းပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနတာဝန်ရှိသူတွေက ဘုန်းတော်ကြီးတွေကို ကျန်းမာရေးနဲ့ပိုမိုညီညွတ်တဲ့ ဆွမ်းလောင်းလှူဖို့ လူတွေကို တိုက်တွန်းခဲ့ပါတယ်။

ဌာနရဲ့လက်ထောက်အထွေထွေ အုပ်ချုပ်ရေးမှူး အမ်ပွန်ဘီဂျာပိုပီတက်က ဘုန်းတော်ကြီးတွေအနေနဲ့ ဘုန်းကြီးကျောင်းဝင်းကို သန့်ရှင်းတာလိုမျိုး ကိုယ်ခန္ဓာလှုပ်ရှားမှု အမျိုးမျိုးကိုလုပ်ဖို့လည်း အကြံပြုပါတယ်။

ထိုင်းမှာအဝလွန်မှုဟာ ကြောက်စရာကောင်းလောက်တဲ့ ပမာဏကို ရောက်ရှိနေပြီး မလေးရှားပြီးရင် အာရှမှာ ဒုတိယအဝဆုံးနိုင်ငံ ဖြစ်နေပါတယ်။ ထိုင်းအမျိုးသား သုံးဦးမှာ တစ်ဦးက အဝလွန်နေပြီး အမျိုးသမီး ၄၀ ရာခိုင်နှုန်းကျော်က အနည်းငယ် အိုဗာဝိတ်ဖြစ်နေကြောင်း ထိုင်းအမျိုးသားကျန်းမာရေးဆန်းစစ်ချက်စစ်တမ်းမှာ တွေ့ရပါတယ်။

ဘုန်းတော်ကြီးတွေဟာ သည်ပြဿနာကို အဦးဆုံးကြုံတွေ့နေသူတွေ ဖြစ်ပါတယ်။ ဘုန်းတော်ကြီးထက်ဝက်နီးပါးက အဝလွန်သူတွေ ဖြစ်နေကြောင်း ချူလာလောင်ကွန်းတက္ကသိုလ်လေ့လာမှုတစ်ခုမှာ ဖော်ပြပါတယ်။ ဘုန်းတော်ကြီး၄၀ရာခိုင်နှုန်းကျော်ဟာ ကိုလက်စထရောမြင့်မားနေပြီး ၂၅ရာခိုင်နှုန်းနီးပါးက သွေးတိုးရှိနေပြီး ဘုန်းတော်ကြီး၁၀ ဦးမှာ တစ်ဦးက ဆီးချိုရှိနေကြောင်း လေ့လာမှုမှာ တွေ့ရပါတယ်။

'ကျွန်တော်တို့ဘုန်းတော်ကြီးတွေမှာ အဝလွန်တာက အချိန်ကိုက်ဗုံးဖြစ်နေတယ်'လို့ ဘန်ကောက်မှာရှိတဲ့ အစားအစာနဲ့ အာဟာရပါမောက္ခဂျောင်ဂျစ်အန်ကာတာဗာနစ်က ပြောပါတယ်။ 'ဘုန်းတော်ကြီးအများစုက ကာကွယ်နိုင်တဲ့ ရောဂါအများစုကို ခံစားနေရတယ်'

ထိုင်းဘုန်းတော်ကြီးတွေရဲ့ စားသောက်မှုပုံစံကိုသုတေသီတွေကလေ့လာတဲ့အခါ သူတို့ ခေါင်းရှုပ်သွားကြပါတယ်။ ဘုန်းတော်ကြီးတွေဟာ သာမန်ပြည်သူတွေထက် ကယ်လိုရီစားသုံးမှုနည်းပေမဲ့ အဝလွန်သူ များနေပါတယ်။

အဓိက တရားခံကတော့ 'အချိုရည်တွေပေါ့'လို့ ပါမောက္ခဂျောင်ဂျစ်က ပြောပါတယ်။

ဘုန်းတော်ကြီးတွေဟာ နေ့လွဲညစာမစားရတဲ့အတွက် သူတို့ရဲ့ စွမ်းအင်ပမာဏမြင့်တက်စေဖို့ အချိုကဲထားတဲ့ စွမ်းအားဖြည့်အချိုရည် အပါအဝင် အချိုရည်တွေကို သောက်သုံးကြပါတယ်။

ဒါအပြင်သကြားများတဲ့အချိုရည်တွေနဲ့ အဆီများတဲ့ အစားအစာတွေကို ဘာသာရေးအခမ်းအနားတွေမှာ ဆပ်ကပ်လှူဒါန်းတာဟာ မရည်ရွယ်ဘဲ ကျန်းမာရေးထိခိုက်စေပါတယ်။

'အချိုရည်တွေ၊ သစ်သီးဖျော်ရည်ဘူးတွေ၊ မုန့်အချိုတွေအပြင် စားစရာအများစုက ဆိုင်က ဝယ်တာဖြစ်တဲ့အတွက် ဒါတွေမှာ MSG(အချိုမှုန့်)အများအပြားပါဝင်ပြီး အသားဓာတ်နဲ့အမျှင်ဓာတ် နည်းပါးနေတယ်' လို့ ပါမောက္ခဂျောင်ဂျစ်က ဆိုပါတယ်။ သည်လိုအစားအစာတွေဟာ ဘုန်းတော်ကြီးတွေကို လှူဒါန်းလေ့ရှိတာတွေဖြစ်ပါတယ်။

ထိုင်းအစိုးရနဲ့ ဘာသာရေးအာဏာပိုင်တွေနဲ့အတူ ပါမောက္ခဂျောင်ဂျစ်ဟာ ကျန်းမာသော ဘုန်းတော်ကြီး၊ ကျန်းမာသော အာဟာရပရောဂျက်ကို စီမံခန့်ခွဲနေပါတယ်။ ထိုင်းကျန်းမာရေးမြှင့်တင်မှုဖောင်ဒေးရှင်းက ရန်ပုံငွေချမှတ်ပေးတဲ့ ပရောဂျက်ရဲ့ ရည်ရွယ်ချက်က ထိုင်းဘုန်းတော်ကြီးတွေကိုအာဟာရနဲ့ ခန္ဓာကိုယ်ကြံ့ခိုင်မှုတွေအကြောင်း အသိပညာပေးဖို့ ဖြစ်ပါတယ်။

> “ ဘုန်းတော်ကြီး ၁၀ ဦးမှာ တစ်ဦးက ဆီးချိုရှိနေကြောင်း လေ့လာမှုမှာ တွေ့ရပါတယ် ”

၂၀၁၆ ခုနှစ်က ကနဦးလုပ်ငန်းမှာ ဘုန်းကြီးကျောင်းနဲ့ သံဃာ့တက္ကသိုလ်တစ်ခုက ဘုန်းတော်ကြီး ၈၂ ပါး ပါဝင်ပြီး ရလဒ်တွေက ကောင်းမွန်ပါတယ်။ ကိုယ်အလေးချိန်လျော့ကျမှုနဲ့ ကိုလက်စထရောနိမ့်ကျမှုတို့ကို မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။

**စုပြည့်စုံ**

[ref: NYtimes, Aug 14, 2018.]

# တရုတ်က လူနာတင်ကား တံခါးဖွင့်မရလို့ ဒဏ်ရာရဘောလုံးသမား ဒုက္ခရောက်

**ဩဂုတ် ၁၃** – အရေးပေါ်လူနာတင်ယာဉ်တစ်စီး တံခါးကျပ်ပြီးဖွင့်လို့မရတာကြောင့် အသက်လုရှုနေရတဲ့ တရုတ်ဘောလုံးသမား တစ်ယောက် ကွင်းထဲမှာမိနစ်အနည်းငယ်ကြာ ဆက်လှဲနေခဲ့ရတဲ့ဖြစ်စဉ်တစ်ခု တရုတ်နိုင်ငံမှာ ဖြစ်ပွားခဲ့ပါတယ်။

သည်ဖြစ်ရပ်ကြောင့် တရုတ်စူပါလိဂ် (CSL) ချန်ပီယံဖြစ်တဲ့ ကွမ်ကျိုးအဲဗားဂရန်းနည်းပြအီတလီဂန္ထဝင်ကစားသမား ဖာဘီယိုကန်နဗားရိုးကို ဒေါသထွက်စေခဲ့ပြီး ပရိသတ်တွေနဲ့ တရုတ်မီဒီယာတွေကလည်း ချန်ချွန်းယာတိုင်းအသင်းသား ဝမ်ရှောက်တင်း အပေါ်အပျော်တမ်းသာ ကုသခဲ့တယ်လို့ ဝေဖန်ရှုတ်ချခဲ့ကြပါတယ်။

ကန်နဗားရိုးအသင်းကို ၃–၂နဲ့ အနိုင်ရခဲ့တဲ့ အိမ်ရှင်အသင်းရဲ့ ကွင်းလယ်ကစားသမား မျက်နှာကိုကွမ်ကျိုးအသင်းကစားသမား ယန်လီယုရဲ့ ပခုံးနဲ့ မတော်တဆ ရိုက်မိခဲ့ပါတယ်။

အသက် ၃၂နှစ်ရှိ ဝမ်ကို နှစ်ဖက်လုံးက ဆေးဝန်ထမ်းတွေ အပြေးလာရောက် ကူညီခဲ့ကြပြီး မျက်နှာမှောက်လျက်နဲ့ သတိမေ့နေတဲ့ဝမ်အတွက် နှစ်ဖက်အသင်းသားတွေစိုးရိမ်စိတ်မြင့်တက်ခဲ့ပါတယ်။

လူနာတင်ယာဉ်နဲ့လူနာထမ်းစင်ကိုအရေးတကြီးခေါ်ခဲ့ပါတယ်။ ဝမ်ရဲ့လျှာခေါက်သွားပုံရပါတယ်။ ဆေးဝန်ထမ်းတွေက အရေးပေါ်တင်လူနာယာဉ်ကားတံခါးကိုအားသွန်ခွန်စိုက်ဖွင့်ပေမဲ့ တံခါးကလှုပ်ရုံသာရှိပါတယ်။ လူနာဟာလည်း ကွင်းထဲမှာ မိနစ်ပေါင်းများစွာ အချိန်ကြာမြင့် နေခဲ့ရပါတယ်။

တံခါးဖွင့်လို့ရသွားချိန်မှာ ဝမ်လည်း သတိရလာပြီဖြစ်ပါတယ်။ သူ့ကို ထမ်းစင်နဲ့တင်ပြီးနောက် ဆေးရုံကို ပို့ဆောင်ခဲ့ပါတယ်။ အချိန်ကြန့်ကြာမှုကြောင့် ထိခိုက်မှု တစ်စုံတစ်ရာမရှိခဲ့ဘူးလို့ နောက်ပိုင်းမှာ ထုတ်ပြန်ခဲ့ပါတယ်။

နာမည်ကျော်ကစားသမားတွေ နည်းပြတွေကို လစာအများကြီးပေးကာ စာချုပ်ချုပ်ထားတဲ့ နည်းပြကန်နဗားရိုးရဲ့ အသင်းအနေနဲ့သည်ဖြစ်ရပ်ဟာ ရှက်စရာဖြစ်ပါတယ်။

'ကစားသမားတွေရဲ့အသက်ကို လျစ်လျူမရှုထားနိုင်ဘူး' လို့ အင်ဖော်မေးရှင်းတိုင်းမ်နေ့စဉ် သတင်းစာမှာ ဖော်ပြထားပါတယ်။

'အရေးပေါ်လူနာတင်ယာဉ်ဟာ ရုပ်ပြတစ်ခုလား'လို့ဝေဘိုမှာ ပရိသတ်တစ်ယောက်က ရေးတင်ထားပါတယ်။ ]

**နှင်းသန့်**

[ref: AFP, Aug 13, 2018.]

# အမေရိကန်အနှံ့က မြို့တွေမှာ လျှပ်စစ်စကူတာတွေကို ရန်လိုတုံ့ပြန်မှုတွေ ကြုံတွေ့နေ

**ဩဂုတ် ၁၁** – သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းတဲ့နည်းနဲ့ သွားလာနိုင်တယ်လို့ သတ်မှတ်ထားတဲ့ လျှပ်စစ်စကူတာတွေဟာ အမေရိကန်က မြို့တွေမှာ ဒေါသတကြီး တုံ့ပြန်မှုတွေနဲ့ ကြုံတွေ့နေရပါတယ်။ ကယ်လီဖိုးနီးယားမှာ ရုံးချုပ်တည်ရှိတဲ့ Lime, Brid နဲ့ Spin လိုမျိုး နည်းပညာကုမ္ပဏီကြီးတွေက ဒေါ်လာဘီလျံချီမြှုပ်နှံထားပါတယ်။

သည်ကုမ္ပဏီတွေက စုပေါင်းပြီး အမေရိကန်ရဲ့ မြို့ ၁၀၀ ကျော်မှာလည်ပတ်နေကာ ပဲရစ်အပါအဝင် ဥရောပမှာ ဒါဇင်ဝက်နီးပါးလောက် ရှိနေပါတယ်။ သူတို့တွေကို ဗြိတိန်မှာ တားမြစ်ထားဆဲ ဖြစ်ပါတယ်။

သည်စကူတာတွေကို အက်ပ်ကတစ်ဆင့် မှာယူနိုင်ပါတယ်။ သူတို့ကို သော့ဖွင့်ဖို့တစ်ဒေါ်လာနီးပါးကုန်ကျပြီး တစ်မိနစ်ငှားရမ်းခက ၁၅ ဆင့် ဖြစ်ပါတယ်။ မီးပွိုင့်တွေနဲ့ ခြေကျင်သွားလာသူတွေ အပါအဝင် မြို့ပြယာဉ်ပိတ်ဆို့မှုတွေကို ရှောင်ရှားပြီး သုံးစွဲသူတွေဟာ မြို့အနှံ့လျှောက်သွားနိုင်ပါတယ်။

မြို့အာဏာပိုင်တွေအရ ရလဒ်ကတော့ လမ်းတွေပေါ်မှာ ဝရုန်းသုန်းကားဖျက်ဆီးမှုတွေ ဖြစ်လာတယ်လို့ သိရပါတယ်။ လမ်းလျှောက်သွားလာသူတွေဟာ တစ်နာရီ ၁၅ မိုင်နှုန်း ရောက်နိုင်တဲ့ စကူတာတွေရဲ့လမ်းကြောင်းကို တိမ်းရှောင်နေရတဲ့အတွက် တိုင်ကြားမှုတွေ ရှိလာပါတယ်။

သုံးစွဲပြီးတဲ့ အချိန်မှာ စကူတာတွေကို စုပြုံထားမှုကြောင့် ဒေသခံတွေ ဒေါသထွက်ခဲ့ကြပါတယ်။ လက်ရှိအချိန်မှာ စည်ပင်သာယာရေးအဖွဲ့ကလည်း ဒါမျိုးလုပ်ရပ်တွေ တော်လောက်ပြီလို့ ကြေညာခဲ့ပါတယ်။



ဥပမာအားဖြင့် ဆန်ဖရန်စစ္စကိုမှာယာဉ်တွေကို လမ်းပေါ်ကနေဖယ်ရှားဖို့ ဦးတည်နေတဲ့လျှပ်စစ်စကူတာကုမ္ပဏီကို ပိတ်သိမ်းပြီး ရပ်ဆိုင်းဖို့ညွှန်ကြားထားပါတယ်။

ဆန်တာမော်နီကာက ရဲတွေအနေနဲ့ ယာဉ်မောင်းတွေကို မောင်းလိုင်စင်ရှိပြီးဦးထုပ်ဆောင်းထား ရ မယ် ဆို တဲ့ ယာဉ် လမ်းကြောင်း ဥပဒေကို ကျင့်သုံးကြဖို့ညွှန်ကြားခိုင်းထားပါတယ်။

'စကူတာတွေ ရောက်လာတာ တစ်ရက်ပဲရှိသေးတယ်' လို့ ကယ်လီဖိုးနီးယားက Beverly Hill ရဲ့ မြို့တော်ဝန်ဂျူလီယမ်ဂိုးက ပြောခဲ့ပါတယ်။ 'ဒါက သူတို့ ကျွန် တော် တို့ ဆီ ရောက် လာတာ မဟုတ်ဘဲ ဒါတွေကို လုပ်ချင်လို့ ရောက်လာတာပါ' လို့ ပြောခဲ့ပါတယ်။

'သူ တို့ က နောက်ဆက်တွဲကိုမစဉ်းစားကြဘူး၊ နောက်ဆက်တွဲတွေက အရမ်းကိုသိသာနေပြီ၊ လူတွေက အန္တရာယ်ရှိတဲ့ ပုံစံနဲ့ စီးနေကြတယ်၊ သူတို့ဦးထုပ်လဲ မဆောင်းဘူး၊ သူတို့ပစ်လဲသွားနိုင်တယ်'

သည်လုပ်ငန်းကတော့ မြို့တော်က ပို့ဆောင်ရေးပုံစံအသစ်တစ်ခုကို အသားကျသွားမှာဖြစ်တဲ့အတွက် သည်အခက်အခဲတွေက ပွဲဦးထွက်အဖုအထစ်တွေသာ ဖြစ်တယ်လို့ မှတ်ယူနေပါတယ်။

'မြို့တွေနဲ့ Bird မှာ ကာဗွန်လျှော့ချရေးဆိုတဲ့ တူညီတဲ့ရည်မှန်းချက်ရှိတယ်'လို့ Bird ရဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောခဲ့ပါတယ်။

**မေသက်**

[ref: telegraph, Aug 11, 2018.]

www.free4readers.com



# အလုပ်ရှင်က ဝင်ငွေပိုများကြောင်းသိပါက အလုပ်လုပ်ချင်စိတ်ကို ပိုဖြစ်စေဟုဆို



သူဌေးရဲ့ လစာနှုန်းထားမြင့်လေလေ ဝန်ထမ်းတွေအလုပ်လုပ်ချင်စိတ် ပိုများလေလေ ဖြစ်တယ်။

ဩဂုတ် ၁၄ – လုပ်ဖော်ကိုင်ဖက်က လစာပိုများကြောင်းသိပါက အလုပ်ကြိုးစားချင်စိတ်ကို ကျဆင်းသွားစေပေမဲ့ အလုပ်ရှင်မှာ ထင်ထားတာထက်ကို အကျိုးအမြတ်ပိုခံစားရကြောင်း သိရပါက အလုပ်လုပ်ချင်စိတ်ကို ပိုဖြစ်စေလာကြောင်း လေ့လာချက်အသစ်တစ်ရပ်မှာ တွေ့ရှိခဲ့ရပါတယ်။

အချို့ကုမ္ပဏီတွေက ဝန်ထမ်းအချင်းချင်း လစာနှုန်းထားတွေကို မပြောဖို့ညွှန်ကြားထားပေမဲ့ အချို့က ဖွင့်ပြောခွင့်ပြုထားပါတယ်။

ကျွန်တော်က တော့ ဖွင့် မပြောတဲ့ဘက်က ရပ်တည်ထားပါတယ်။

ဒါပေမဲ့ လေ့လာချက်အသစ်အရ ကျွန်တော်မှားကြောင်း ဖော်ပြထားပါတယ်။

ဝန်ထမ်းတွေက သူ့ရဲ့လစာဟာ အခြားလုပ်ဖော်ကိုင်ဖက်တွေထက် နည်းနေတာကို သိတဲ့အချိန်မှာ သူတို့ရဲ့ အလုပ်ကြိုးစားချင်စိတ်ကို ကျဆင်းသွားစေကြောင်း တွေ့ရှိခဲ့ပါတယ်။

ဒါပေမဲ့ သူဌေးဖြစ်သူက သူတို့တွေ မှန်းထားတာထက်ကို ငွေပိုဝင်ကြောင်းသိတဲ့အခါမှာ အလုပ်ပိုလုပ်ချင်လာကြကြောင်း တွေ့ရှိခဲ့ပါတယ်။

အလုပ်လုပ်ချိန်ပိုများလာပြီး အီးမေးလ်တွေ ပိုပို့လာကြတယ်။ သူတို့ရဲ့ အရောင်းစာရင်းတွေလည်း တိုးလာကြတယ်။

ဝန်ထမ်းတွေထင်ထားတဲ့ ဝင်ငွေထက် သူဌေးတွေ အကျိုးအမြတ်ပိုရလေလေ ဝန်ထမ်းတွေကို အလုပ်ကြိုးစားချင်စိတ် ဖြစ်လာစေမှုနှုန်းမြင့်တက်လေလေ ဖြစ်ပါတယ်။

သည်လေ့လာချက်ကို ရေးသားသူတစ်ယောက်ရဲ့ အဆိုအရ အလုပ်ရှင်သူဌေးရဲ့ လစာနှုန်းထားမြင့်လေလေ ဝန်ထမ်းတွေအလုပ်လုပ်ချင်စိတ် ပိုများလေလေ ဖြစ်တယ်လို့ဆိုပါတယ်။

ဒါ့အပြင် လစာနှုန်းထား ပိုမြင့်လေလေ ဝန်ထမ်းတွေကို အလုပ်လုပ်ချင်လာအောင် ပိုလှုံ့ဆော်နိုင်လေလေဖြစ်ကြောင်း ဖော်ပြထားပါတယ်။ **နှင်းသန့်**

[ref: INC. Aug 6, 2018.]

# အိန္ဒိယရူပီး တစ်ဒေါ်လာကို ၇၀ အထိ စံချိန်တင်အနိမ့်ဆုံးကျဆင်း



၂၀၁၈ ခုနှစ်ကို တစ်ဒေါ်လာ ၆၃.၆၇ ရူပီးနဲ့ စဖွင့်ခဲ့ပေမဲ့ နောက်ပိုင်းမှာ တောက်လျှောက် အကျနဲ့သာ လည်ပတ်ခဲ့ပါတယ်။

ဩဂုတ် ၁၄ – တူရကီငွေကြေးအကျပ်အတည်းကို လန့်ဖျပ်သွားတဲ့ ရင်းနှီးမြှုပ်နှံသူတွေက ပေါ်ထွန်းစဈေးကွက်ငွေကြေးတွေကို ရောင်းထုတ်လိုက်ကြတာကြောင့် အင်္ဂါနေ့မှာ အိန္ဒိယရူပီးဟာ တစ်ဒေါ်လာကို ၇၀ အထိစံချိန်တင် ကျဆင်းသွားခဲ့ပါတယ်။

တူရကီရဲ့ လိုင်ရာငွေကြေးအကျပ်အတည်းဟာ အခြားနိုင်ငံတွေကို ရိုက်ခတ်ခဲ့တာကြောင့် အင်္ဂါနေ့ နေ့လယ် အစောပိုင်းမှာ တစ်ဒေါ်လာကို ၇၀.၀၉ ရူပီးအထိ ခဏတစ်ဖြုတ် ရောက်ရှိသွားပါတယ်။

တောင်အာဖရိက၊ အာဂျင်တီးနား၊ မက္ကဆီကို၊ ဘရာဇီးနဲ့ ရုရှားတို့ရဲ့ ငွေကြေးဈေးကွက်တွေဟာ တူရကီလိုပဲ ဒေါ်လာလိုမျိုး ပြည်ပငွေကြေးတန်ဖိုးအပေါ် မှီခိုနေရတာကြောင့် ပြီးခဲ့တဲ့ သီတင်းပတ်ကထက် ကျဆင်းခဲ့ကြပါတယ်။

၂၀၁၈ ခုနှစ်ကို တစ်ဒေါ်လာ ၆၃.၆၇ ရူပီးနဲ့စဖွင့်ခဲ့ပေမဲ့ နောက်ပိုင်းမှာ တောက်လျှောက် အကျနဲ့သာ လည်ပတ်ခဲ့ပါတယ်။

အိန္ဒိယဟာ ကြီးမားတဲ့ ရေနံဝယ်လက်ဖြစ်ပြီး လိုအပ်ချက်ရဲ့ သုံးပုံနှစ်ပုံကို ပြည်ပမှဝယ်ယူနေရပါတယ်။

ရေနံစိမ်းတစ်စည်ကို ပြီးခဲ့တဲ့ နှစ်သည်လိုအချိန်ကဒေါ်လာ၅၀ ဝန်းကျင်သာ ရှိခဲ့ပေမဲ့ အင်္ဂါနေ့မှာ ဘရန့်ရေနံစိမ်းဟာ တစ်စည်ကို ၇၂.၈၁ ဒေါ်လာနဲ့ ဆင့် ၂၀ တက်လာခဲ့ပါတယ်။

ရေနံစိမ်း ဈေးတက်တာကြောင့် အိန္ဒိယငွေကြေးတန်ဖိုး ကျဆင်းသွားစေတယ်လို့ လေ့လာသူတွေက သုံးသပ်ကြပါတယ်။

'ယနေ့ ဒေါ်လာတန်ဖိုးဟာ ၇၀ ရူပီး ကျော်သွားတဲ့အတွက် ရင်းနှီးမြှုပ်နှံသူတွေ စိုးရိမ်နေကြတယ်' လို့ အိန္ဒိယမှ မြူကျူရယ်ဖန်အဖွဲ့မှ စီအီးအို အင်အက်စ်ဗင်ကာတက်က အေအက်ဖ်ပီ ကို ပြောကြားခဲ့ပါတယ်။

ဒါပေမဲ့ အိန္ဒိယရဲ့ စီးပွားရေးဟာ တောင့်တင်းတာကြောင့် ၆၉ ရူပီးဝန်းကျင်နဲ့သာ လည်ပတ်နေမယ်လို့ မျှော်လင့်တယ်လို့ သူက ထပ်လောင်းပြောကြားခဲ့ပါတယ်။

ရူပီးတန်ဖိုး တက်လာဖို့အတွက် အိန္ဒိယဗဟိုဘဏ်က သည်နှစ်မှာ အတိုးနှုန်းတွေကို နှစ်ဆတိုးမြှင့်ခဲ့ပါတယ်။

ပို့ကုန်ထက် သွင်းကုန်တန်ဖိုးများနေတာကြောင့် အိန္ဒိယငွေကြေး ကျပ်တည်းပြီး တန်ဖိုးကျခဲ့တယ်လို့ ပညာရှင်တွေက ပြောကြပါတယ်။

၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်အတွက် အိန္ဒိယရဲ့ စာရင်းရှင်စာရင်းလိုငွေပြမှုဟာ ၂.၆ ရာခိုင်နှုန်းအထိ ရောက်လာမယ်လို့ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့က ပြီးခဲ့တဲ့ အပတ်က ခန့်မှန်းထားပါတယ်။

**နှင်းသန့်**

[ref: AFP. Aug 14, 2018.]



# ဘာကလေမှာ လေးရက်အတွင်း လေးထပ်တိုက်ဆောက်လုပ်ပြီးစီး

ဩဂုတ် ၆ – ဆောက်လုပ်ရေးလုပ်ငန်းက ခက်ခဲပြီး ခန့်မှန်းရခက်တဲ့ လုပ်ငန်းဖြစ်ပြီး အန္တရာယ်တွေ၊ ကြန့်ကြာမှုတွေနဲ့ ပြည့်နေပေမဲ့ ဘာကလေမှာ မကြာသေးမီက အိမ်ရာပရောဂျက်တစ်ခုမှာတော့ လေးထပ်အဆောက်အအုံတစ်ခုလုံးကို လေးရက်ပဲ အချိန်ကြာခဲ့ပါတယ်။

ဇူလိုင်လမှာ အဆောက်အအုံရဲ့ အထပ်တစ်ထပ်ကို တစ်ရက်နှုန်းနဲ့ 2711 Shattuck ရှိ တိုက်ခန်း ၂၂လုံးပါ အိမ်ရာတစ်ခုပြီးစီးခဲ့ပြီး ကျောင်းသားအိမ်ရာအဖြစ် ယူစီဘာကလေက မကြာခင်မှာ အသုံးပြုတော့မယ်လို့ ဘာကလေဝက်ဘ်ဆိုက်အရ သိရပါတယ်။

သည်အိမ်ကို ၂၀၁၆ ခုနှစ်မှာ ဆိုမာရုံးခန်းမှာ ပြသထားတဲ့ ကနေဒီရှေ့ပြေးပုံစံထက် ပေ ၁၆၀ ပိုကြီးပြီး ဆန်ဖရန်စစ္စကို SRO ငှားရမ်းခထက် ပေ ၃၁၀ ပိုကြီးတယ်လို့ ဘာကလေဆိုက်အရ သိရပါတယ်။

ဘာကလေ ဒီဇိုင်းသုံးသပ်ရေးကော်မတီ မှတ်တမ်းမှာ 2711 Shattuck အတွက် လျှောက်ထားတဲ့ ရက်က ၂၀၀၉ ခုနှစ် ဖြစ်တယ်လို့ ၂၀၁၆ အစီရင်ခံစာအရ သိရပြီး သည် မြို့တော်နေအိမ်အဖြစ် ခွင့်ပြုချက်ကို မပြောင်းလဲခင်မှာ သည်အဆောက်အအုံကို အစပိုင်းမှာ ဟိုတယ်အဖြစ် အသိအမှတ်ပြုခဲ့ပါတယ်။

သည်စီမံကိန်းကို ရေရှည်နေအိမ်အဖြစ် အသုံးပြုဖို့ပြောင်းလဲပြီး spigot ကို လမ်းဖွင့်ခဲ့ပါတယ်။ဗိသုကာပညာရှင်Lowney Arch အရ 2711 Shattuck ဟာ အမေရိကန်မှာ သည်နည်းပညာကို သုံးပြီး ဆောက်လုပ်ခဲ့တဲ့ ပထမဆုံးအဆောက်အအုံ ဖြစ်တယ်လို့ သိရပါတယ်။

ကနေဒီက အိမ်ခြေမဲ့ပြဿနာကို တုံ့ပြန်မှုအနေနဲ့ အသုံးမပြုတဲ့ အများပိုင်နေရာတွေမှာ မော်ဂျူးအိမ်ရာအသစ်တွေကို တည်ဆောက်ဖို့ နှစ်ပါင်းများစွာ ဆန်ဖရန်စစ္စကိုမှာ မဲဆွယ်မှုတွေ ပြုလုပ်ခဲ့ပါတယ်။

**မေသက်**

[ref: sf.curbed, Aug 6, 2018.]

www.free4readers.com






လူတွေက သည်နေရာကို ဒုတိယမကာအိုလို့ ခေါ်ကြတယ်၊ သည်ကာစီနိုကစားဝိုင်းတွေဟာ တရုတ်တွေအတွက်သာဖြစ်ပါတယ်။

# ပင်လယ်ကမ်းစပ်အပန်းဖြေနေရာ ဒုတိယမကာအိုဖြစ်လာလို့ ကမ္ဘောဒီးယားတွေ စိတ်မချမ်းသာ

**ဩဂုတ် ၁၁**– ကမ္ဘောဒီးယားရဲ့ ဟောလီးဒေးပဲလေ့စ် ကာစီနိုရီဆော့မှာ ဆေးလိပ်ကိုမီးခိုးအူအောင်သောက်ပြီး တီဘက်စကားပြော လောင်းကစားသမားတွေဟာ တဟဲဟဲနဲ့အစာတောင်းနေတဲ့ ဂိမ်းစက်ထဲကို ဒေါ်လာ ၁၀၀ တန်တွေပစ်ထည့်နေကြပါတယ်။ သူတို့ဘေးမှာတော့ နဂါးတွေ၊ ပင်ဒါဝက်ဝံတွေဟာ တီဗီဖန်သားပြင်ကြီးက ထွက်လာတဲ့ ဆူညံတဲ့ဂီတသံတွေနဲ့အတူ လိုက်ကနေကြတယ်။

တစ်ချိန်က အေးချမ်းငြိမ်သက်လှတဲ့ သီဟာနုဗီလီ ပင်လယ်ကမ်းနားနတ်ဗိမာန်ဘုံကြီးဟာ အာရှတိုက်ရဲ့ နာမည်ကြီး လောင်းကစားဌာနီတစ်ခုဖြစ်လာပြီး ဒါဟာ ကမ္ဘောဒီးယားနိုင်ငံထဲ စီးဝင်လာတဲ့ တရုတ်ပိုက်ဆံတွေရဲ့ ကျေးဇူးကြောင့်ဖြစ်ပါတယ်။

'လူတွေက ဒီနေရာကို ဒုတိယမကာအိုလို့ ခေါ်ကြတယ်' လို့ ခမာဝေလ်ပါတီပိုင်ရှင် ခွန်မွန်နစ်ကာက ပြောပါတယ်။ တရုတ်ပိုက်ဆံတွေဝင်လာအောင် ဆွဲဆောင်နေတဲ့ နေရာတစ်ခုလို့ ကမ္ဘောဒီးယားဝန်ကြီးချုပ်ရဲ့ပြောစကားကို သူ လက်မခံကြောင်းပြောပါတယ်။ 'အခုဆို ကျွန်တော်တို့တရုတ်နိုင်ငံကို နိုင်ငံကူးလက်မှတ်မပါဘဲ သွားလို့ရပြီလေ' လို့ သူက ဟာသစွက်ပြီး ဆက်ပြောပါတယ်။

သည်မြို့မှာ ကာစီနိုဆိုင် ၈၀ လောက်ရှိပြီး ဒေသခံ ၁၅၇,၀၀၀ လောက်ရှိပါတယ်။ တရုတ်ခရီးသွားအရေအတွက်ဟာ နှစ်နှစ်အတွင်းမှာ နှစ်ဆမြင့်တက်ခဲ့ပြီး ၂၀၁၇ မှာ ၁၂၀,၀၀၀ ခန့်အထိ ရှိလာခဲ့ပါတယ်။

ကမ္ဘောဒီးယားရဲ့တစ်ခုတည်းသောရေနက်ဆိပ်ကမ်းရှိတဲ့ သည်မြို့ရှိ သန့်ရှင်းသပ်ရပ်တဲ့ ကမ်းခြေဟာ မြို့ရဲ့အဆွဲဆောင်နိုင်ဆုံးနေရာတစ်ခုဖြစ်ပါတယ်။ သည်ဆိပ်ကမ်းဟာ တရုတ်သမ္မတရှီကျင့်ဖျင်ရဲ့ ပိုးလမ်းမစီမံကိန်း ဖောက်လုပ်ရေးလမ်းကြောင်းမှာ အရေးပါတဲ့အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။

ကမ္ဘောဒီးယားသမ္မတ ဟွန်ဆန်နဲ့ တရုတ်သမ္မတတို့ကတော့ ပြီးခဲ့တဲ့နှစ်က ဘေဂျင်းအစိုးရက ကမ္ဘောဒီးယားမှာ ဒေါ်လာ ၁.၃ ဘီလျံရင်းနှီးမြှုပ်နှံခဲ့တာဟာ နှစ်ဦးနှစ်ဖက်အကျိုးများတဲ့လုပ်ရပ်တစ်ခုလို့ ပြောကြားခဲ့ကြဖူးပါတယ်။

အရှေ့တောင်အာရှရဲ့အဆင်းရဲဆုံးနိုင်ငံတစ်ခုမှာ အခုလိုရင်းနှီးမြှုပ်နှံတာဟာ တရုတ်မှာ အခြားအကြံအစည်တွေ ရှိဦးမယ်လို့စောင့်ကြည့်လေ့လာသူတွေက သတိပေးခဲ့ပါတယ်။

ကမ္ဘောဒီးယားကို တရုတ်စိုးမိုးရေးဝါဒ သွတ်သွင်းနေတယ်ဆိုတာ ငြင်းလို့မရတဲ့ကိစ္စတစ်ခုဖြစ်ပါတယ်။

အခုဆိုရင် သည်မြို့မှာ ကမ္ဘောဒီးယားထက် တရုတ်တွေက စီးပွားရေးကို အုပ်စိုးလျက်ရှိပါတယ်။

တရုတ်တွေကဈေးပိုပေးလာတဲ့အတွက် မြေငှားခတွေ၊ အခန်းငှားခတွေ ဈေးတက်လာပြီး ကမ္ဘောဒီးယားတွေ မငှားနိုင်တော့တဲ့ အနေအထားဖြစ်လာပါတယ်။

တရုတ်စိုးမိုးမှုနှုန်းမြင့်လာတာနဲ့အမျှ ရာဇဝတ်မှုတွေလည်းများပြားလာပါတယ်။ ပြီးခဲ့တဲ့လက သီဟာနုဗီလီမြို့မှာ တရုတ်ခရီးသွား လေးယောက် ဒူးခေါင်းကို သေနတ်ပစ်ခံလိုက်ရသလို လောင်းကစားရှုံးငွေကို ပြန်ရဖို့အတွက် အခြားခရီးသွား ငါးယောက်ကို လည်း တရုတ်ခရီးသွား ငါးယောက်က သေနတ်နဲ့ပစ်ပြီး ငွေညှစ်ခဲ့ဖူးပါတယ်။ အရင်တုန်းက သည်လို တစ်ခါမှ မဖြစ်ဖူးဘူးလို့ ဒေသခံတစ် ယောက်က ပြောပါတယ်။

> “အရှေ့တောင်အာရှရဲ့အဆင်းရဲဆုံးနိုင်ငံတစ်ခုမှာ အခုလိုရင်းနှီးမြှုပ်နှံတာဟာ တရုတ်မှာ အခြားအကြံအစည်တွေ ရှိဦးမယ်”

သည်ကာစီနိုကစားဝိုင်းတွေဟာ တရုတ်တွေအတွက်သာ ဖြစ်ပါတယ်။

ကာစီနိုမှာ ကမ္ဘောဒီးယားတွေကို အလုပ်ခန့်တာတွေရှိပေမဲ့ တရုတ်ခရီးသည်တွေကို ဝန်ဆောင်မှုပေးရတဲ့အလုပ်မှာ သူ့တို့တွေကို ခန့်လေ့မရှိပါဘူး။

'ကာစီနိုအလုပ်ရှင်က အင်တာဗျူးမှာ ဆေးလိပ်သောက်တတ်လားလို့မေးရင် မသောက်တတ်ဘူးဆိုရင် ခင်ဗျားကို အလုပ်ခန့်မှာ မဟုတ်ဘူး' လို့ ဒေသခံတစ်ယောက်က ပြောပါတယ်။

ကမ္ဘောဒီးယားသားအများစု အရှုံးတွေရင်ဆိုင်နေရချိန်မှာပဲ မြေပိုင်ရှင်တွေကတော့ အချိုကြီးပွပေါက်တိုးနေကြပါတယ်။

'မြေပိုင်ရှင်တွေက ကမ္ဘောဒီးယားသားတွေနဲ့ ချုပ်ထားတဲ့စာချုပ်ကို ဖောက်ဖျက်ပြီးတော့ တရုတ်တွေကို ပြန်ငှားကြတယ်' လို့သီဟာနုဗီလီ ကမ္ဘောဒီးယား လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ညှိနှိုင်းရေးမှူး ချိဆိုသာရီက ပြောပါတယ်။

'နေရာအမည်တွေကို ခမာကနေ တရုတ်လို ပြောင်းကြတယ်၊ ဝန်ထမ်းတွေကလဲ အလုပ်လက်မဲ့တွေ ဖြစ်လာကြပြီ၊ ချမ်းသာတဲ့ သူတွေကလဲ ပိုချမ်းသာလာကြတယ်၊ လောင်းကစားမှာ နိုင်သူရှုံးသူတွေ ရှိကြပေမဲ့ ရှုံးတဲ့သူတွေ ဘာဆက်လုပ်သင့်လဲ' လို့သူက မေးခွန်းထုတ်ပါတယ်။

**နှင်းသန့်**

[ref: Telegraph. Aug 11, 2018.]

# ကမ္ဘောဒီးယားက တရုတ်ပြည့်တန်ဆာဂိုဏ်းကို စတင်ဖြိုခွင်း

**ဩဂုတ် ၁၄** – ကမ္ဘောဒီးယားမှာ တရုတ်နိုင်ငံသား ၅၀ အထိ ထိန်းသိမ်းထားပါတယ်။ ဒါဟာ တရုတ်ရင်းနှီးမြှုပ်နှံမှုဗဟိုချက်တစ်ခုဖြစ်တဲ့ သီဟာနုဗီလီပြည်နယ်ရှိပြည့်တန်ဆာဂိုဏ်းတွေကို ဖြိုခွင်းမှုရဲ့ အကျိုးဆက် တစ်ခု ဖြစ်တယ်လို့ ပြည်နယ်အုပ်ချုပ်ရေးမှူးက အင်္ဂါနေ့က ပြောပါတယ်။

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က ဘေဂျင်းရဲ့ ရင်းနှီးတဲ့မဟာမိတ်ဖြစ်ပြီး မြို့တော် ဖနွမ်းပင်မှာ တရုတ်ရင်းနှီးမြှုပ်နှံမှုတစ်ဟုန်ထိုးများပြားလာအောင် ဆွဲဆောင်ထားကာ သီဟာနုဗီလီလိုမြို့တွေမှာ ကာစီနိုနဲ့ ဟိုတယ်တွေ ချက်ချင်းတိုးချဲ့လာခဲ့ပါတယ်။

သီဟာနုဗီလီဟာ ပင်လယ်ကမ်းစပ်မြို့ဖြစ်ပြီး ဖနွမ်းပင်မြို့ရဲ့ အနောက်ဘက် ၂၂၅ ကီလိုမီတာအကွာမှာ တည်ရှိပြီး မကြာသေးမီနှစ်တွေ ဆောက်လုပ်ရေးလုပ်ငန်းတွေ ရုတ်တရက် တိုးပွားလာပြီး တရုတ်ငွေကြေးအမြောက်အမြား စီးဝင်ခဲ့ပါတယ်။

တရုတ်အလုပ်သမားနဲ့ ငွေကြေးစုပြုံလာခြင်းက ဒေသတွင်း မကျေမချမ်းဖြစ်မှုကို ဖြစ်စေခဲ့ပြီး တစ်ချိန်က ငြိမ်သက်ခဲ့တဲ့ ဆိပ်ကမ်းမြို့မှာ ရာဇဝတ်မှုတွေ မြင့်တက်လာခဲ့တယ်လို့ တချို့ အာဏာပိုင်တွေက ပြောပါတယ်။

အုပ်ချုပ်ရေးမှူး ယွန်မင်းက သည်ပြည်နယ်အတွင်းက တရုတ်ရင်းနှီးမြှုပ်နှံမှုတွေ အမေရိကန်ဒေါ်လာတစ်ဘီလျံအထိ မြင့်တက်ခဲ့ပြီး သည်ငွေတွေက သည် ဒေသက တရုတ်လူမျိုးတွေအတွက် တရားမဝင် လိင်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းတွေကို မြင့်တက်လာစေတာသာဖြစ်ပါတယ်။

'သူတို့အများကြီးရောက်လာချိန်မှာ ဝန်ဆောင်မှုလဲ အများကြီးလိုအပ်လာတယ်' လို့ ယွန်မင်းက ရိုက်တာကို ပြောပါတယ်။

'ဒီကိစ္စက ကျွန်တော်တို့နိုင်ငံမှာ တရားဝင်မဟုတ်တဲ့အတွက် ပိတ်သိမ်းဖို့နဲ့ဖြိုခွင်းဖို့ ကျွန်တော်တို့မှာ တာဝန်ရှိတယ်' လို့ သူက ပြောပါတယ်။ 'ဒီဖြိုခွင်းမှုက ဆက်လုပ်နေဦးမှာပါ'

ဖနွမ်းပင်ရှိ တရုတ်သံရုံးကို မှတ် ချက် ပေး ဖို့ အီး မေးလ်နဲ့ တောင်းဆိုမှုကို မတုံ့ပြန်ခဲ့ပါဘူး။

ပြည်ထဲရေးဝန်ကြီးဌာနဆီ ဖန်နဝါရီလမှာ တရုတ်လူမျိုးတွေ စုပြုံဝင်ရောက်လာမှုက သီဟာနုဗီလီမှာ ရာဇဝတ်မှုတွေ များလာစေတယ်လို့ တိုင်ကြားထားတဲ့ ယွန်မင်းက အင်္ဂါနေ့မှာ သူ့ရဲ့အရင်မှတ်ချက်ကို ဘေးချိတ်ခဲ့ပြီး တရုတ်ရင်းနှီးမြှုပ်နှံမှုက တစ်ခုလုံးအနေနဲ့ အကောင်းဘက်ကို ဦးတည်နေတယ်လို့ ပြောပါတယ်။

'တရုတ်နိုင်ငံမှာ လူကောင်းများစွာ ရှိပါတယ်၊ ဒီလူ ၅၀ ကို ဖမ်းဆီးမှုဟာ တရုတ်လူမျိုးတစ်ခုလုံးကို ကိုယ်စားမပြုပါဘူး' လို့ သူက ပြောခဲ့ပါတယ်။

**မေသက်**

[ref: Reuters, Aug 14, 2018.]

www.free4readers.com





# တရုတ်ရဲ့ ၂၀၂၅ ဗျူဟာထဲကနေ ကမ္ဘာ့လုပ်ငန်းတွေ သင်ယူသင့်တဲ့ သင်ခန်းစာသုံးခု

ဩဂုတ် ၁၃ – သမ္မတ ရှီကျင့်ဖျင်ရဲ့ 'မိတ်အင်ချိုင်းနား ၂၀၂၅' မဟာဗျူဟာကို ၂၀၁၅ ခုနှစ်မှာပြသခဲ့ပြီး အခုအချိန်မှာတော့ကုန်သွယ်ရေးနဲ့ပတ်သက်ပြီး ထရမ့်ရဲ့ရန်လိုတဲ့ ရပ်တည်ချက်တွေကြောင့် ပြန်လည် ထင်ရှားလာပြီး ကမ္ဘာ့လုပ်ငန်းနယ်ပယ်အတွက် အရေးကြီးတဲ့ သင်ခန်းစာသုံးခုကို ပေးနေပါတယ်။



ခစ်ဂျစ်တယ်–စက်မှုလုပ်ငန်းတော်လှန်ရေးမှာ ခစ်ဂျစ်တယ်က ကုန်ထုတ်လုပ်မှုကိုအစားမထိုးပါဘူး။ ကုန်ထုတ်လုပ်မှုရဲ့ အလား အလာနဲ့ တန်ဖိုးတွေကိုသာမြင့်တက်အောင်လုပ်ပေးတယ်။

ပထမဆုံးအချက်က ပစ္စည်းထုတ်လုပ်မှုက အရေးကြီးတယ်၊ အနာဂတ်မှာ ပစ္စည်းထုတ်လုပ်ဖို့က ပိုအရေးကြီးလာတယ်။ ဒါက အငြင်းပွားစရာမဖြစ်သင့်ပါဘူး။ ဒါပေမဲ့ တကယ်တော့ အငြင်းပွားစရာပါ။ စီးပွားရေးပညာရှင်တွေက 'ကုန်ထုတ်လုပ်မှုအပေါ် အစွဲအလမ်းကြီးခြင်း' လို့ ထင်ငေါ့ကြပြီး စီးပွားရေးတိုးတက်ဖို့အတွက်တခြားကဏ္ဍတွေထက် ကုန်ထုတ်လုပ်မှုကို အဓိကဦးစားပေးအဖြစ် သတ်မှတ်ဖို့ အကြောင်းမရှိဘူးလို့ ငြင်းချက်ထုတ်ကြပါတယ်။

နိုင်ငံတွေချမ်းသာလာတာနဲ့ အမျှလယ်ယာစိုက်ပျိုးရေးကနေ စက်မှုလုပ်ငန်းဘက်ကို ပြောင်းလဲလာပြီး အဲသည်နောက် ဝန်ဆောင်မှုလုပ်ငန်းတွေကိုလုပ်ကိုင်လာကြပါတယ်။ ကုန်ထုတ်လုပ်ရေးဟာ ၁၉၅၀ အလွန်နှစ်တွေမှာ အမေရိကန်စီးပွားရေးရဲ့ ၃၀ ရာခိုင်နှုန်းခန့်ရှိပါတယ်။ ၁၉၈၀ နှစ်တွေမှာတော့ ၂၀ ရာခိုင်နှုန်းရှိပြီး အခုတော့စီးပွားရေးရဲ့ ၁၁ ရာခိုင်နှုန်းသာရှိပါတော့တယ်။ ဒါပေမဲ့အမေရိကန်ဟာ ကမ္ဘာ့စီးပွားရေးကို ဆက်လက် ဦးဆောင်နေပြီး လူနေမှုအဆင့်အတန်းတွေဆက်လက်မြင့်မားနေပါတယ်။

ဒါဆိုတရုတ်က ဦးစားပေးကို မှားယွင်းချမှတ်ထားတာလား။ လုံးဝမဟုတ်ပါဘူး။ တစ်ချက်ကတော့ တရုတ်ဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ အမေရိကန်ထက် နောက်ကျနေဆဲဖြစ်ပါတယ်။ သူ့ရဲ့တစ်ဦးချင်းဝင်ငွေက အမေရိကန်ထက် သုံးပုံတစ်ပုံလောက်ပဲရှိပါတယ်။ ဒါပေမဲ့ တရုတ်က အမေရိကန်ဝင်ငွေပမာဏကို မီလာချိန်မှာလည်း ဝန်ဆောင်မှုဆီ ရွှေ့လျားဖို့သက်သက်အတွက် ကျယ်ပြန့်တဲ့ စက်မှုလုပ်ငန်းတည်ထောင်ရေး ရည်ရွယ်ထားတာမဟုတ်ပါဘူး။ ကြိုတင်မျှော်မှန်းနိုင်တဲ့အနာဂတ်အတွက် တိုးတက်မှုရဲ့ အဓိကမောင်းနှင်အားအဖြစ်စက်မှုလုပ်ငန်းကိုထူထောင်ဖို့ ရည်ရွယ်ထားတာပါ။

ချမ်းသာလာရံ နဲ့ ဝန်ဆောင်မှုကဏ္ဍဆီ အပြီးတိုင်ရွှေ့လျားလို့မရမှန်း၊ ရွှေ့လျားဖို့မလိုအပ်မှန်း တရုတ်က နားလည်ပါတယ်။ ဂျပန်နဲ့ဂျာမနီမှာ ဂျီဒီပီအတွင်းကုန်ထုတ်ကဏ္ဍဟာ အမေရိကန်ထက်နှစ်ဆလောက်ကြီးပါတယ်။ တခြားနိုင်ငံတွေမှာလည်းကုန်ထုတ် ကဏ္ဍဟာ စီးပွားရေးမှာ အရေးပါတဲ့နေရာက ပါဝင်နေပါတယ်။

ဒုတိယအချက်အနေနဲ့အနာဂတ်မှာပစ္စည်းထုတ်လုပ်ဖို့ကပိုအရေးကြီးလာတယ်။ 'ဆော့ဖ်ဝဲက ကမ္ဘာကြီးကို ဝါးမြိုနေတယ်' ဆိုတဲ့စကားကိုလူတွေတွင်တွင်သုံးကြပါတယ်။ ကျွန်တော်ကတော့တစ်မျိုးမြင်ပါတယ်။ ဆော့ဖ်ဝဲက ကမ္ဘာကြီးကို မောင်းနှင်တယ်၊ ဒါပေမဲ့ ကမ္ဘာကြီးဟာ ရုပ်ပိုင်းဆိုင်ရာကိုမှီခိုအားထားနေရတုန်းပါပဲ။ ဒစ်ဂျစ်တယ်နဲ့ ရုပ်ပိုင်းဆိုင်ရာကို ရောနှောအသုံးပြုနေရတုန်းပါပဲ။ ကျွန်တော့် အမြင်အရပြီးခဲ့တဲ့ လေးငါးခြောက်နှစ်အတွင်း အင်အားအကြီးဆုံး နည်းပညာရေစီးကြောင်းကတော့ဒစ်ဂျစ်တယ်–စက်မှုတော်လှန်ရေးပါပဲ။ ဒစ်ဂျစ်တယ်တီထွင်ဆန်းသစ်မှုကစားသုံးကုန်ပစ္စည်းကအစ စက်မှုလုပ်ငန်းသုံးစက်ပစ္စည်းအဆုံး ရုပ်ဝတ္ထုအရာမှန်သမျှကိုဒီဇိုင်းဆွဲ၊ ထုတ်လုပ်တဲ့နေရာမှာ ပြောင်းလဲပေးခဲ့ပါတယ်။

သရီးဒီပရင့်တာနည်းပညာလိုမျိုး တိုးတက်မှုတွေဟာ ဆော့ဖ်ဝဲ၊ ဒီဇိုင်းနဲ့ကုန်ထုတ်လုပ်မှုပေါင်းစပ်မှုတိုးတက်မှုကိုတွေ့ရမှာပါ။ ပစ္စည်းမထုတ်လုပ်ရင် သည်နည်းပညာသစ်တွေကို ဦးမဆောင်နိုင်ပါဘူး။ ပစ္စည်းတွေထုတ်လုပ်မှုဟာ အနာဂတ်အတွက်အသွင်ပြောင်းလဲမှုအများဆုံးနဲ့ စီးပွားရေးအရအင်အားအကြီးဆုံးနည်းပညာတွေကို ဦးဆောင်နိုင်ဖို့အတွက် မရှိမဖြစ်လိုအပ်ပါတယ်။

တတိယအချက်က ကိုယ်ထုတ်လုပ်တဲ့ ကုန်ပစ္စည်းက အရေးကြီးတယ်၊ နည်းပညာမြင့်နဲ့ကုန်ထုတ်လုပ်ငန်းကို အဓိကထားရမယ်။ တရုတ်ဟာ ဇီဝနည်းပညာ၊ စက်ရုပ်၊ အာကာသနဲ့ ပစ္စည်းသစ်တွေလိုမျိုးကဏ္ဍတွေကို အဓိကထားပါတယ်။ သည်ဇရိယာတွေက နေထိုင်မှု အခြေအနေတွေကို အထူးတိုးတက်စေပြီး လုပ်ငန်းကဏ္ဍအမျိုးမျိုးမှာ အင်အားတွေမြင့်တက်စေပါတယ်။ ဒါပေမဲ့မိတ်အင်ချိုင်းနား ၂၀၁၅ ဟာ သဘောလုပ်ငန်း၊ ရထားသယ်ယူပို့ဆောင်ရေးနဲ့စွမ်းအင်လိုမျိုး သမားရိုးကျအခြေခံအဆောက်အအုံတွေနဲ့စိုက်ပျိုးရေး လုပ်ငန်းကိုလည်း ပစ်မှတ်ထားပါတယ်။

နည်းပညာမြင့်ကို အဓိကထားတာဟာ အံ့ဩစရာမဟုတ်ပါဘူး။ ဇီဝနည်းပညာဟာ အထည်အလိပ်ထက်ပိုပြီးလုပ်ခလစာမြင့်မြင့်မားမားရပါတယ်။ တကယ်လို့တရုတ်ကသူ့ရဲ့တကယ့်ဝင်ငွေကိုဆက်ပြီးတက်စေချင်တယ်ဆိုရင် ထပ်ဆောင်းတန်ဖိုးမြင့်ထားတဲ့ လေ့ကားထစ်ကို တက်ဖို့လိုအပ်ပါတယ်။ အရေးကြီးတဲ့ သင်ခန်းစာက နည်းပညာမြင့်ကိုရိုးရာအခြေခံအဆောက်အအုံနဲ့ပေါင်းစပ်ဖို့ပါပဲ။ ဒစ်ဂျစ်တယ်–စက်မှုတီထွင်မှုတွေဟာနိုင်ငံတစ်နိုင်ငံရဲ့သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးနဲ့ စွမ်းအင်အခြေခံအဆောက်အအုံတွေကို ထောက်ပံ့ပေး၊ အသွင်ပြောင်းပေးနိုင်ပါတယ်။ အခြေခံ အဆောက် အအုံတွေဟာတစ်ခုနဲ့ တစ်ခု ရောယှက်ဆက်နွယ်နေပြီး စီးပွားရေးစနစ်တစ်ခုလုံးကို အချိန်တိုတိုနဲ့ ခရီးရောက်အောင်လုပ်ပေးနိုင်ပါတယ်။ တိုးတက်လာတဲ့ ကမ္ဘာ့လူဦးရေရဲ့ လူနေမှု အဆင့်အတန်းတွေမြင့်မားဖို့ဆိုရင် အခြေခံအဆောက်အအုံတွေဟာပိုမိုထိရောက် စွမ်းဆောင်နိုင်ပြီး ရေရှည်တည်တံ့ဖို့လိုအပ်ပါတယ်။

> ဆော့ဖ်ဝဲက ကမ္ဘာကြီးကို မောင်းနှင်တယ်၊ ဒါပေမဲ့ ကမ္ဘာကြီးဟာ ရုပ်ပိုင်းဆိုင်ရာကို မှီခိုအားထားနေရတုန်းပါပဲ။ ဒစ်ဂျစ်တယ်နဲ့ ရုပ်ပိုင်းဆိုင်ရာကို ရောနှော အသုံးပြု နေရတုန်းပါပဲ။

ဒစ်ဂျစ်တယ် –စက်မှုလုပ်ငန်းတော်လှန်ရေးမှာ ဒစ်ဂျစ်တယ်က ကုန်ထုတ်လုပ်မှုကိုအစားမထိုးပါဘူး။ ကုန်ထုတ်လုပ်မှုရဲ့ အလားအလာနဲ့ တန်ဖိုးတွေကို သာမြင့်တက်အောင် လုပ်ပေးတယ်။ ကုန်ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုကြား ရိုးရာအတားအဆီးတွေကိုချေဖျက်ပေးတယ်။ ကုန်ပစ္စည်းထုတ်လုပ်မှုက အရေးပါတယ်။ အနာဂတ်မှာ ကုန်ပစ္စည်းထုတ်လုပ်မှုက ကမ္ဘာ့စီးပွားရေးကို ဦးဆောင်ဖို့ အတွက်ပိုအရေးပါလာတယ်။ နည်းပညာမြင့်နဲ့ဒစ်ဂျစ်တယ်ပါဝင်အဆင့်မြင့်ထားတဲ့ အခြေခံအဆောက်အအုံတွေကို ပေါင်းစပ်ရမယ်။ တရုတ်က သည်အချက်တွေကိုနားလည်ပြီး တစ်ကမ္ဘာလုံးကစက်မှုလုပ်ငန်းတွေကိုလည်း ပိုမိုအာရုံစိုက်ဖို့ လိုအပ်နေပါတယ်။

စုပြည့်စုံ

[ref:Marco Annunziata ရေးသားသည့် 3Key Lessons for Global Industry from China's 2025 Strategy Forbes မှာဖော်ပြပါ ဆောင်းပါး ဖြစ်ပါတယ်]

# စုံတွဲအကြမ်းဖက်မှုမှာ ခံရတဲ့ကိုရီးယားအမျိုးသားတွေ ပိုများလာ

ဩဂုတ် ၁၄– ရည်းစားတွေကြောင့် တိုက်ခိုက်ခံရတဲ့ ကိုရီးယားအမျိုးသားအရေအတွက်ဟာ စုံတွဲအကြမ်းဖက်မှုမှာ ခံရတဲ့ အမျိုးသမီးအရေအတွက်ထက် ပိုတိုးပွားလာတယ်လို့ သိရပါတယ်။

ချစ်သူယောကျ်ားလေးရဲ့ အကြမ်းဖက်မှုကို တိုင်တန်းတဲ့ အရေအတွက်ဟာ ၃၀ ရာခိုင်နှုန်းမြင့်တက်လာပြီး ၂၀၁၇ ခုနှစ်မှာ ၈၃၀၃ မှုရှိလာကြောင်း အမျိုးသားရဲ့အေဂျင်စီက ဆိုပါတယ်။ ဒါပေမဲ့ အလားတူကာလအတွင်း အကြမ်းဖက်ခံရတဲ့ အမျိုးသားအရေအတွက်က ၄၅၈ ကနေ နှစ်ဆတိုးပြီး ၉၃၃ မှုဖြစ်လာခဲ့ပါတယ်။

သည်နှစ် ပထမ ခြောက်လအတွင်း အကြမ်းဖက်ခံရသူ အမျိုးသမီး ၄၄၂၇ ဦးနဲ့အမျိုးသား ၆၅၀ ဦးရှိနေပါတယ်။

သည်အတိုင်းသာဆက်သွားရင် နှစ်ကုန်မှာ အကြမ်းဖက်ခံရသူ အမျိုးသားဦးရေဟာ ၁၀၀၀ ကျော်သွားနိုင်ပါတယ်။

တကယ်တော့ အမျိုးသားတွေ အကြမ်းဖက်ခံရတဲ့ ပမာဏက သည်ထက်ပိုများပေမဲ့ ရဲလာတိုင်ဖို့ ရှက်နေတတ်တာကြောင့် ဖြစ်တယ်လို့ ကျွမ်းကျင်သူတွေက ယုံကြည်ပါတယ်။

ဒါပေမဲ့ ဆူချန်ဟွန်တက္ကသိုလ်က မှုခင်းစိတ်ပညာပါမောက္ခချန်ဆက်ဟွန်က 'ချိန်းတွေ့ရာမှာ အကြမ်းဖက်ခံရတဲ့ အမျိုးသားများ ပြားလာတာက ကျားမတန်းတူညီမှုကို ပိုမိုသိလာတဲ့ အမျိုးသမီးတွေက သူတို့အမျိုးသားတွေရဲ့ နှုတ်နဲ့ တိုက်ခိုက်မှုကို ပြန်ခုခံကြတာကြောင့်ဖြစ်တယ်။

'...ဒါပေမဲ့ အမျိုးသမီးတွေကလဲ အကြမ်းဖက်မှု မလုပ်သင့်ပါဘူး။ ပညာပေးမှုနဲ့ ဆွေးနွေးမှုတွေလုပ်ဖို့လိုတယ်၊ ဘာလို့ဆို ဒီလိုမလုပ်ရင် အိမ်တွင်းအကြမ်းဖက်မှုတွေ ဖြစ်လာနိုင်တယ်' လို့ ဆိုပါတယ်။

စုပြည့်စုံ

[ref: Chosun, Aug 14, 2018.]



အရှေ့တောင်အာရှဒေသဟာ တရုတ်အတွက် ပင်လယ်လမ်းကြောင်းတွေရော ကုန်းတွင်းက ကုန်စည်ပို့ဆောင်ရေးလမ်းကြောင်းတွေကိုပါ ဆွဲဆောင်ပါတယ်။

# အရှေ့တောင်အာရှမှာ တရုတ်ရဲ့ပိုးလမ်းမစီမံကိန်းတွေအပေါ် သံသယတွေ ကြီးထွားလာ

ဩဂုတ် ၁၃ - အရှေ့တောင်အာရှဟာ တရုတ်ရဲ့ဒေါ်လာဘီလျံပေါင်းများစွာ တန်တဲ့ ပိုးလမ်းမစီမံကိန်းရဲ့ အချက်အချာတစ်ခုအဖြစ် ရှုမြင်ခံရပါတယ်။ ကြီးထွားလာတဲ့ဈေးကွက်တွေအပြင် အရှေ့တောင်အာရှဒေသဟာ တရုတ်အတွက်ပင်လယ်လမ်းကြောင်းတွေရော ကုန်းတွင်းက ကုန်စည်ပို့ဆောင်ရေး လမ်းကြောင်းတွေကို ပါ ဆွဲဆောင်ပါတယ်။ ဒါပေမဲ့ ၂၀၁၃ ခုနှစ်မှာ တရုတ်သမ္မတ ရှီကျင့်ဖျင်က ကမ္ဘာ့ပေါ်မှာ ရည်မှန်းချက်အကြီးဆုံး အခြေခံအဆောက်အအုံစီမံကိန်းကို စတင်ပွဲထုတ်ခဲ့ပြီး ငါးနှစ်အကြာမှာ အဖုအထစ်တွေ စတင် ကြုံတွေ့လာပုံရပါတယ်။

အရှေ့တောင်အာရှက ဖက်စပ်စီမံကိန်းတော်တော်များများဆိုင်းငံ့တာ၊ အထူးစစ်ဆေးခံနေရတာတွေ ရှိနေပြီး ဒါဟာ ပိုးလမ်းမစီမံကိန်းနဲ့ ပတ်သက်ပြီး အိမ်ရှင်နိုင်ငံတွေရဲ့ အကျိုးအမြတ်ဟာ မရေမရာဖြစ်နေတာကို မီးမောင်းထိုးပြနေတာဖြစ်တယ်လို့ စင်ကာပူအမျိုးသားတက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံပညာရှင် အီယန်ချောင်က ပြောပါတယ်။

ကြွေးမြီနစ်ပြီး တရုတ်က ဩဇာလွှမ်းမိုးမှာကို စိုးရိမ်တဲ့အတွက် တရုတ်က ပြုလုပ်မယ့် ဒေါ်လာကိုးဘီလျံတန်ဖိုးရှိ ရေနက်ဆိပ်ကမ်း စီမံကိန်းတစ်ခုကို မြန်မာအစိုးရကလည်း ပြန်လည် သုံးသပ်လျက် ရှိပါတယ်။

မလေးရှားအစိုးရသစ်ကလည်း အရင်အစိုးရနဲ့တရုတ်ကြား လက်မှတ်ရေးထိုးထားတဲ့ ဒေါ်လာဘီလျံ ၃၀ တန်ဖိုးရှိ အခြေခံအဆောက်အအုံစီမံကိန်းတွေကို ပြန်လည်သုံးသပ်နေပါတယ်။ ဒါ့အပြင် ဈေးငွေရေရှည်ရနိုင်ခြေ ရှိမရှိကိုလည်း စုံစမ်းနေပါတယ်။

နယ်နိမိတ်နဲ့ စစ်လျော်ကြေးလို့ ခေါင်းစဉ်တပ်ပြီး ၁၉ ရာစုနှောင်းပိုင်းနဲ့ ၂၀ ရာစုအစောပိုင်းမှာ တရုတ်နဲ့ ချုပ်ဆိုထားတဲ့ ပရောဂျက်တွေဟာ မျှတမှုမရှိဘူးလို့ မလေးရှားဝန်ကြီးချုပ် မဟာသီမိုဟာမက်က ပြောကြားခဲ့ပါတယ်။

၂၀၁၇ နှစ်ကုန်ပိုင်းကလည်း ချေးငွေပြန်မဆပ်နိုင်တာကြောင့် ဟမ်ဘန်တိုတာက ဆိပ်ကမ်းတစ်ခုကို သီရိလင်္ကာ အစိုးရက တရုတ်ကုမ္ပဏီတစ်ခုကို ၉၉ နှစ်တာ လုပ်ပိုင်ခွင့်ပေးခဲ့ရပါတယ်။

သည်ပိုးလမ်းမစီမံကိန်းနဲ့ပတ်သက်ပြီး ပွင့်လင်းမြင်သာတဲ့ဒေတာတွေ ချပြမှုမရှိတာကြောင့် လည်း သံသယ ဝင်လာကြပါတယ်။

ဒေါ်လာ ၄၂၉ ဘီလျံတန်ဖိုးရှိတဲ့ ပိုးလမ်းမကြီးရဲ့ သုံးပုံ တစ်ပုံ ဟာ ပြဿနာတွေ တက်နေတယ်လို့ ဖိုင်နန်ရှယ်တိုင်းမ်ရဲ့ သတင်းတစ်ပုဒ်မှာ ဖော်ပြပြီးနောက်မှာ တရုတ်က ဒေတာတွေ ချပြခဲ့ပါတယ်။ သည်စီမံကိန်းဟာ တွဲဖက်နိုင်ငံတွေကို အခွန်ဝင်ငွေ ဒေါ်လာ၂.၂ ဘီလျံရရှိစေခဲ့ပြီး အလုပ်အကိုင် ၂၀၀,၀၀၀ ကျော်ကို ဖန်တီးပေးနိုင်ခဲ့တယ်လို့ တရုတ်က မကြာခင်ကမှ ထုတ်ဖော်ပြောခဲ့ပါတယ်။

အခြေခံအဆောက်အအုံပရောဂျက်တွေဟာ ကြီးမားကျယ်ပြန့်တဲ့အတွက် ပိုပွင့်လင်းမှုရှိရင် ပိုကောင်းမယ်လို့ တွဲဖက်ပါမောက္ခ ချောင်က ပြောပါတယ်။ 'ဒါမှမဟုတ်ရင် ပြဿနာတွေတက်ပြီး သံသယတွေ ဝင်လာပြီးတော့ မရေရာမှုတွေဖြစ်လာပြီး ပရောဂျက်တစ်ခုလုံးကို ထိခိုက်စေနိုင်တယ်'

ရွေးကောက်ပွဲတွေနဲ့ မူဝါဒတွေ အမျိုးမျိုး ပြောင်းလဲနေသလို ထိရှလွယ်တဲ့ ယဉ်ကျေးမှုဒေသတွေမှာ သည်စီမံကိန်းတွေကိုလုပ်ဖို့ တရုတ်အနေနဲ့ လေ့လာတဲ့အဆင့်မှာပဲ ရှိသေးတယ်လို့ ပီကင်းတက္ကသိုလ်က နိုင်ငံရေးဘောဂဗေဒ ပါမောက္ခ ချာဒေါင်ဂျူးက ပြောကြားခဲ့ပါတယ်။

လတ်တလောကာလတွေမှာတော့ တရုတ်ဟာ ပြည်ပနိုင်ငံတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်ဖို့စူးစမ်းလေ့လာမှုတွေ တိုးမြှင့်လုပ်ဆောင်လာခဲ့ပါတယ်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်ထိန်းသိမ်းနိုင်ဖို့အတွက် အရှေ့တောင်အာရှနိုင်ငံတွေအနေနဲ့ အခြေခံအဆောက်အအုံတွေမှာ ဒေါ်လာ ၂.၈ ထရီလျံရင်းနှီးမြှုပ်နှံဖို့ လိုအပ်မှာဖြစ်တယ်လို့ အာရှဖွံ့ဖြိုးရေးဘဏ်အဆိုအရ သိရပါတယ်။ သည်ပမာဏအမြောက်အမြားကို တရုတ်ဘက်က ရင်းနှီးမြှုပ်နှံဖို့ ကမ်းလှမ်းထားပါတယ်။ ကောင်းမွန်တဲ့အုပ်ချုပ်ရေးစနစ် သို့မဟုတ် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု စတဲ့ တောင်းဆိုချက်တွေနဲ့ ကန့်သတ်ထားတဲ့ အိုင်အမ်အက်ဖ်လို ချေးငွေတွေနဲ့မတူတဲ့ အချက်က တရုတ်ရဲ့ချေးငွေကိုမက်မောစရာဖြစ်စေပါတယ်။ ဒါဟာ တရုတ်အနေနဲ့အန္တရာယ်များတဲ့ငွေချေးလုပ်ငန်းကို အမိုပြုပြီး အထူးအဆင့်မြင့်စီမံကိန်းကြီးကို လုပ်ကိုင်ချင်ကြောင်း ပြသနေပါတယ်။

လောလောဆယ်မှာတော့ သည်ပိုးလမ်းမစီမံကိန်းထဲက ပရောဂျက်တွေမှာ အတိုးတက်ဆုံးက တောင်အာရှနဲ့ အရှေ့ဥရောပတွေက စီမံကိန်းတွေ ဖြစ်ပါတယ်။

အရှေ့တောင်အာရှကတော့ ဒါနဲ့ဆန့်ကျင်ဘက်ဖြစ်ပြီး နိုင်ငံတကာက ရင်းနှီးမြှုပ်နှံသူတွေရဲ့ စိတ်ဝင်စားမှုက များပြားပါတယ်။ ဥပမာ ဂျပန်၊ တောင်ကိုရီးယား၊ ဥရောပသမဂ္ဂနဲ့ အမေရိကန်တို့ကရင်းနှီးမြှုပ်နှံသူတွေ အထူးစိတ်ဝင်စားကြပြီး သည်ဒေသအားလုံးပေါင်းဟာ သည်ဒေသမှာ တရုတ်ထက်ပိုပြီး ရင်းနှီးမြှုပ်နှံထားကြပါတယ်။

အမေရိကန်ကလည်း တရုတ်နဲ့အပြိုင် အင်ဒိုပစိဖိတ်ဒေသမှာအခြေခံ အဆောက်အအုံ အတွက် ရင်းနှီးမြှုပ်နှံမှုတွေလုပ်မယ်လို့ [illegible] ကြေညာထားပါတယ်။

ဒါပေမဲ့ တရုတ်က [illegible] အပေါ် စိုးရိမ်နေပေမဲ့ [illegible] ကြားခြင်းမရှိပါဘူး။ [illegible] သက်ပြီး ပုံမှန်သတင်း[illegible] မှာမေးမြန်းတဲ့အခါ [illegible] ကြီးဌာနရဲ့ ပြောခွင့်ရှိသူက [illegible] ထက် လက်တွေ့က [illegible] လို့ ပြန်လည်[illegible]

[illegible]

[ref: CNA, Aug 11, 2018]

# စစ်ဘက်ဆေးဝယ်ယူမှုမှာ လာဘ်စားမှုနဲ့ လူ ၂၀ ကို ဖိလစ်ပိုင်သမ္မတရာထူးက ဖြုတ်

ဩဂုတ် ၁၃ - တနင်္လာနေ့မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးရဲ့ နောက်ဆုံးခြေလှမ်းတစ်ခုအနေနဲ့ စစ်ဘက်ဆိုင်ရာ ဆေးဝယ်ယူမှုမှာ လိမ်လည်မှုနဲ့ လာဘ်စားမှုတို့နဲ့ စွပ်စွဲခံရတဲ့ ဗိုလ်မှူးကြီးနဲ့ ဗိုလ်ချုပ်တစ်ဦး အပါအဝင် လူ ၂၀ ကို ဖိလစ်ပိုင်သမ္မတဒူတာတီက အလုပ်ဖြုတ်ခဲ့တယ်လို့ ပြောရေးဆိုခွင့်ရှိသူက ပြောပါတယ်။

အစိုးရအဖွဲ့အတွင်းမှာ လာဘ်စားမှုကို ထိန်းသိမ်းမှုဟာ ဒူတာတီရဲ့ အဓိကရွေးကောက်ပွဲရပ်တည်ချက်တစ်ခု ဖြစ်ပါတယ်။ သူက လုံခြုံရေးတပ်ဖွဲ့ကို ထောက်ပံ့သူကြီးဖြစ်ပြီး ပြစ်မှု၊ မူးယစ်ဆေးနဲ့ လက်နက်ကိုင်တော်လှန်မှုတွေကို ကိုင်တွယ်ရာမှာ ကူညီဖို့အတွက် လက်နက်ကိရိယာနဲ့ သူတို့ရဲ့ဘတ်ဂျက်ကို တိုးမြှင့်ပေးဖို့အတွက် ကတိပြုခဲ့ပါတယ်။

သည်ထုတ်ပယ်ခံရသူတွေက ထောက်ပံ့ရေးပစ္စည်း၊ ဆေးဝါးနဲ့ ကိရိယာတွေကို ဈေးနှုန်းမြင့်မားစွာ ဝယ်ယူခဲ့မှု ပြစ်မှု ၁၇ ခုမှာ ပါဝင်ခဲ့တယ်လို့ စွပ်စွဲခံထားရတယ်လို့ ပြောရေးဆိုခွင့်ရှိသူ ဟယ်ရီရော့က ပြောခဲ့ပါတယ်။

အရပ်ဘက်နဲ့ စစ်ဘက်အရာရှိတွေ သည်ထုတ်ပယ်ခံရသူတွေထဲမှာ ပါဝင်ခဲ့ပါတယ်။ သည်စစ်အရာရှိတွေဟာ စစ်ခုံရုံးတင်ခံရမှာဖြစ်တယ်လို့ သူက ထပ်ပြောခဲ့ပါတယ်။

သည်ပြစ်မှုဖြစ်ပွားခဲ့တဲ့ အခါ [illegible]

[illegible]

[ref: Reuters, Aug 13, 2018]

www.free4readers.com





ဟိန္ဒူနေရှင်နယ်လစ်ခေါင်းဆောင်ဟာ နယူးဒေလီရဲ့ ၁၇ ရာစု ရက်ဖို့ဒ်မှာ လွတ်လပ်ရေးနေ့ အခမ်းအနားမိန့်ခွန်း မိနစ် ၈၀ ကျော်အတွင်းမှာ ပြောကြားခဲ့တာပါ။

# အိပ်ပျော်နေတဲ့ ဆင်ကြီးအိန္ဒိယ နိုးထလာပြီလို့ မိုဒီဆို

ဩဂုတ် ၁၅ - အိန္ဒိယဝန်ကြီးချုပ် နာရန် ဒရာမိုဒီက ကမ္ဘာ့စီးပွားရေးမှာအိန္ဒိယရဲ့ အခန်းကဏ္ဍမြင့်တက်လာပြီလို့ဆိုပြီး 'အိပ်ပျော်နေတဲ့ဆင်ကြီး နိုးထလာပြီ' လို့စီးပွားရေး မိန့်ခွန်းတစ်ခုမှာ ကြွေးကြော်ပါတယ်။

ဟိန္ဒူနေရှင်နယ်လစ်ခေါင်းဆောင်ဟာ နယူးဒေလီရဲ့ ၁၇ ရာစု ရက်ဖို့ဒ်မှာ လွတ်လပ်ရေးနေ့အခမ်းအနားမိန့်ခွန်း မိနစ် ၈၀ ကျော်အတွင်းမှာ ပြောခဲ့ တာ ဖြစ်ပါတယ်။

မိုဒီက သူ့အစိုးရရဲ့အောင်မြင်မှုတွေကို ကြေညာဖို့ အခမ်းအနားကို အသုံးပြုခဲ့ပြီး ကြီးမားတဲ့ ကျန်းမာရေးအာမခံလုပ်ငန်းကို စက်တင်ဘာမှာစတင်မယ်။ အိန္ဒိယဟာ ၂၀၂၂ ခုနှစ်မှာ အာကာသထဲကို လူလိုက်ပါတဲ့ အာကာသယာဉ်လွှတ်တင်မယ်လို့လည်း ကြေညာခဲ့ပါတယ်။

၂၀၁၄ ခုနှစ်မှာ သူ့ပါတီ တောင်ပြိုကမ်းပြိုရွေးကောက်ပွဲမနိုင်ခင်က အိန္ဒိယကို အင်အားချိနဲ့တဲ့နိုင်ငံတစ်ခုအဖြစ် မှတ်ယူကြကြောင်း ဆိုပါတယ်။

'အိန္ဒိယဟာ အခုအချိန်မှာ ပြုပြင်ပြောင်းလဲရေး၊ စွမ်းဆောင်ရေးနဲ့ အသွင်ပြောင်းရေးမြေဖြစ်နေပါပြီ၊ စံချိန်တင် စီးပွားရေးတိုးတက်မှုရရှိတော့မှာပါ' လို့ ဝန်ကြီးချုပ်က ဆိုပါတယ်။

'ဒီနေ့ကမ္ဘာကြီးက ပြောနေတယ်၊ အိပ်ပျော်နေတဲ့ဆင်ကြီး နိုးထ၊ လမ်းလျှောက်ပြီးပြိုင်ပွဲထဲပါလာပြီ' လို့ မိုဒီက ဆက်ပြောပါတယ်။

အိန္ဒိယရဲ့နှစ်ပတ်လည် စီးပွားရေးတိုးတက်မှုဟာ သူအာဏာရရှိပြီးနောက်ပိုင်းခုနစ်ရာခိုင်နှုန်းလောက်ဖြစ်လာပေမဲ့ အခုအချိန်မှာ တူရကီလိုင်ရာငွေအကျပ်အတည်းကြောင့် ငွေဈေးထိုးကျတဲ့အတွက် ရူပီးလည်း ထိခိုက်နေပါတယ်။

၂၀၁၉ နှစ်ဆန်းပိုင်းမှာ ရွေးကောက်ပွဲခေါ်ယူဖို့ မျှော်မှန်းထားတဲ့မိုဒီက အိန္ဒိယ နိုင်ငံသား သန်း၅၀၀ ကို တစ်နှစ်တာဒေါ်လာ ၇၀၀၀ ခန့် ပေးအပ်မယ့်ကျယ်ပြန့်တဲ့ ကျန်းမာရေးအာမခံလုပ်ငန်းတစ်ခုကို ကြေညာပြီး သည်လုပ်ငန်းကိုစက်တင်ဘာ ၂၅ရက်နေ့မှာစတင်မှာ ဖြစ်ပါတယ်။

မိုဒီကဲ(Modicare)လို့အမည်ရတဲ့ သည်စီမံကိန်းဟာ ကမ္ဘာ့အကြီးဆုံး အစိုးရ ကျန်းမာရေးအာမခံလုပ်ငန်းလို့ ကင်ပွန်းတပ်ကြပါတယ်။

'အိန္ဒိယကဆင်းရဲသားတွေ အရည်အသွေးမီမီ၊ လူတိုင်းလက်လှမ်းမီတဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိနိုင်ဖို့ ကျွန်တော်တို့ အသေအချာစစ် ဆေး ရပါမယ်' လို့ သူက ဆိုပါတယ်။

'အစိုးရကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေဟာ အိန္ဒိယသား သန်း ၅၀၀ အပေါ် ကောင်းမွန်တဲ့ သက်ရောက်မှုရှိပါလိမ့်မယ်' လို့ မိုဒီကဆိုပြီး သည်စနစ်ဟာ ဥရောပသမဂ္ဂအဖွဲ့ဝင် ၂၈ပါ လူဦးရေကို လွှမ်းခြုံနိုင်လောက်တယ်လို့ ဆက်ပြောပါတယ်။

အမျိုးသားရေးဝါဒကို ထပ်မံဖြည့်စွက်တဲ့အနေနဲ့ မိုဒီက အိန္ဒိယဟာ လေးနှစ်အတွင်း အာကာသထဲကို လူလိုက်ပါတဲ့မစ်ရှင်စေလွှတ်မယ်လို့ ဆိုပါတယ်။ **စုပြည့်စုံ**

[ref: AFP, Aug 15,2018.]


